မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင် ၂၆ ရက်၊ စနေနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၉၅)

မာတာပိတုဥပဋ္ဌာနံ ဧတံ မင်္ဂလ မုတ္တမံ

မိဘကို လုပ်ကျွေးပြုစုခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လ်ဒိုက်ဗ်နိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

၂၀၀၈ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၃)နှစ်မြောက် နှစ်ပတ်လည်လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မာမွန်း အဗ္ဗဒူလ်ဂါယွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အမှာစကား ပြောကြား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၏ သတ္တမအကြိမ် နှစ်ပတ်လည်ညီလာခံဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်၏ လယ်ယာ၊ သားငါးနှင့် သစ်တောသယံဇာတများကို ခေတ်မီနည်းပညာများဖြင့်ပေါင်းစပ် အမျိုးသားအကျိုးစီးပွားအတွက် ထိုက်ထိုက်တန်တန်အကျိုးရှိရှိ ရေရှည်တည်တံ့စွာသုံးစွဲနိုင်ရေး ကြိုးပမ်း သုတေသနတွေ့ရှိချက်များကို လက်တွေ့နယ်ပယ်၌အောင်မြင်စွာအသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၅

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၏ သတ္တမအကြိမ် နှစ်ပတ်လည်ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနဌာနနှင့် သစ်တောသုတေသနဌာနတို့မှ ပညာရှင်များ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အလွန်အရေးကြီး

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးသည်

စာမျက်နှာ ၆ ကော်လံ ၁ ●

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

နိုင်ငံတော်အစိုးရက ပြည်သူတွေအပေါ် မေတ္တာကရုဏာ အပြည့်နဲ့ ကြည့်ရှုစောင့်ရှောက်ခဲ့တာကို ခံစားနားလည် သဘောပေါက်ကြတဲ့ ပြည်သူတွေအနေနဲ့လည်း တစ်ဦးမေတ္တာတစ်ဦးမှာဆိုတာလို နိုင်ငံတော်အကြီးအကဲနဲ့တကွ ဌာနဆိုင်ရာနဲ့ စီမံခန့်ခွဲမှု အဖွဲ့အစည်းအဆင့်ဆင့်က တာဝန်ရှိသူတွေအားလုံးအပေါ်မှာ ချစ်ခင်လေးစားအားကိုးမှုများနဲ့ တုံ့ပြန်လာခဲ့ကြတာဟာ ဖြစ်ရပ်မှန် သဘာဝပါပဲ။

လှိုင်အောင်၏ ဆောင်းပါး စာ-၈ နှင့် ၉ တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇူလိုင် ၂၆ ရက်)

လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ပေါ်ထွန်းရေး ပြည်ထောင်စုတစ်ဝန်း ဖြန့်ကြက်ဖြည့်ဆည်းပေးနေ

နိုင်ငံတော်က အမျိုးသားပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးတို့အတွက် မြှင့်တင်ဖော်ဆောင် ပေးလျက်ရှိသည်။

ပြည်ထောင်စုတစ်ဝန်း ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရေးနှင့် ပညာသင်ကြားမှု အခွင့်အလမ်းများ တစ်ပြေးညီရရှိစေရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသ၂၄ခု သတ်မှတ်ကာ ဒေသတိုင်း၌ တက္ကသိုလ်တစ်ခု၊ နည်းပညာကောလိပ်တစ်ခုနှင့် ကွန်ပျူတာကောလိပ်တစ်ခုစီကို ထူထောင်ဖွင့်လှစ်ပေးခဲ့သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့ စသည့်မြို့ကြီးများတွင်သာမက အဆင့်မြင့်ပညာများကို ဒေသအလိုက် လက်လှမ်းမီ သင်ယူနိုင်ရေး အတွက် ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၂၀ရက်နေ့မှ စတင်၍ အထူးဖွံ့ဖြိုးရေးဒေသ ၂၄ခုတွင်ရှိသည့် ကောလိပ်အားလုံးကို တက္ကသိုလ်များအဖြစ်သို့ အဆင့် တိုးမြှင့်ပေးခဲ့သည်။

ပညာရေးပတ်ဝန်းကျင်ကောင်းများ တည်ဆောက်၍ အရည်အသွေးမီ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းစေရေးအတွက် ဘက်စုံ ထူးချွန်ထက်မြက်သည့် ကျောင်းသားကျောင်းသူများအဖြစ် ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

ထို့အပြင် ဆရာဆရာမများ၏ သင်ကြားမှုအရည်အသွေးပြည့်ဝရေး၊ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ နိုင်ငံတကာ အဆင့်မီမြှင့်တင်ရေး၊ သင်ကြားမှု၊ သင်ယူမှုအထောက်အကူပစ္စည်းများ အပြည့်အဝအသုံးချနိုင်ရေးတို့ကိုလည်း ဖြည့်ဆည်းဆောင်ရွက် ပေးလျက်ရှိသည်။

အဆင့်မြင့်ပညာသင်ယူမှု အခွင့်အလမ်းများ ပြည်ထောင်စုဒေသအနှံ့ ဖြန့်ကြက်ဖြစ်ထွန်းလျက်ရှိရာ နိုင်ငံတော်သစ်တွင် အဓိက လိုအပ်မည့် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ပေါ်ထွန်းလာတော့မည်ဖြစ်ပါကြောင်း ရေးသားလိုက် ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် မိခင်ကြီး ဒေါ်စိန်စိန်ရီအား အမှူးထား၍ ခေတ္တကနေဒါနိုင်ငံနေ သား ကိုမြတ်ထွန်းဇော်၊ သမီး မအေးအေးမြတ်ငြိမ်း မိသားစုက အလှူငွေကျပ်နှစ်သိန်းကို ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသိရီထံ ကပ္ပိယကာရကမှတစ်ဆင့် ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၆-၇-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၅ ၄။ ကျန်းမာသုတ
- ၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ရွှေမင်းသမီးနှင့်ဓာတ်ပုံဆရာ** သရုပ်ဆောင်-လွင်မိုး၊ နန္ဒာလှိုင်
- ၁၃:၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
- ၄:၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၄:၃၅ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၄:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၀၀ ၉။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၆:၄၅ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒိုးဒိုးဒေါက်ဒေါက် ဘုန့်ဘောက်** (အပိုင်း-၂၂)ဇာတ်သိမ်းပိုင်း
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ လူရွှင်တော်ရွှေဖလား
- ၂၀။ English Usage
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်ခြင်းရဲ့နောက်ကွယ်** (အပိုင်း-၇)

လူမှုဝန်ထမ်းဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ကုလသမဂ္ဂ လူသားချင်း စာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး အကြီးအကဲ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် H.E.Mr.John Holmes နှင့်အဖွဲ့သည် ယမန်နေ့ နံနက် ၁၀နာရီက နေပြည်တော်ရှိ ဝန်ကြီးရုံး မေခလာခန်းမသို့ လာရောက်တွေ့ဆုံသည်။**(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါတွင်းကာလ ၁၀ရက် အထူးတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီးအတွင်း လစဉ်မပြတ် တစ်လနှစ်ကြိမ် ကျင်းပအပ်သော ဝါတွင်းကာလ အထူး ၁၀ရက် တရားစခန်းပွဲ ဝါတွင်းဒုတိယပတ်ကို ဝါခေါင်လဆန်း၆ရက်မှ ၁၅ရက် (ဩဂုတ် ၇ရက်မှ၁၆ရက်)အထိ ကျင်းပမည်ဖြစ်ပြီး တရားစခန်းဝင်လိုသော ယောဂီများ ဇူလိုင်၂၈ရက်တွင် စာရင်းပေးသွင်းရမည် ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ယင်းတရားစခန်းပွဲကြီး၌ အဖွဲ့ချုပ်ကြီး၏ နာယက ကံဘဲ့ဘုတာရုံလမ်း ဘုရားလေး ကျောင်း မိုးကုတ်ရိပ်သာပဓာန နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဉာဏ အရှင်သူမြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ် ကြောင်းနှင့် ယောဂီများ ချမ်းသာစွာ တရားအားထုတ်နိုင်ရေး လေးထပ်ဘောဇနဆောင်ကြီး စုပေါင်းဆောင်ရွက် ဆောက်လုပ်လျက်ရှိရာ ဆောင်ရွက်လှူဒါန်းလိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

မိတ္ထီလာဆရာတော် ဝါတွင်းကာလ အထူးသစ္စာဓမ္မသဘင်

ရန်ကုန် ဇူလိုင် ၂၅

မန္တလေးတိုင်း မိတ္ထီလာမြို့ ကန်ဦးရပ် ကြည်ကုန်းနယ်မြေ ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ် (၁၂၉)၏ ဝါတွင်းကာလ အထူးသစ္စာဓမ္မ သဘင်ကို ဝါခေါင်လဆန်း ၁ရက်မှ ၇ရက်(ဩဂုတ် ၂ရက်မှ ၈ရက်အထိ) ကျင်းပမည်ဖြစ် သည်။ ယင်းတရားစခန်းပွဲကို ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာန စရိယကျောင်းသစ်ကျောင်း ပဓာနနာယက မိတ္ထီလာဆရာတော် ဘဒ္ဒန္တပညာစာရက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည် ဖြစ်သည်။ တရားစခန်းဝင်မည့်လူဦးရေ ကန့်သတ်ထားသဖြင့် တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း-၀၆၄-၃၅၂၄၇သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

သင့်သွေးဖြင့် အသက်ကယ်ပါ

လှူဒါန်း

မိဘနှစ်ပါးနှင့် ကျေးဇူးရှင် မန္တလေး အင်းဘဲရပ်နေ ဒေါ်သိန်းခင်အား ရည်စူး၍ အမှတ်၆၅ ပထမထပ် ၂၈လမ်း ပန်းဘဲ တန်းမြို့နယ်နေ ဒေါ်ကျင်စိန် အသက် ၈၀ ပြည့်မွေးနေ့ အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ်သိန်း ၇၀လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်နှင့် အတွင်းရေးမှူး ဦးမောင်မောင်တို့ လက်ခံယူစဉ်။(က-ပ)

၂၀၀၈ ခုနှစ် ဓမ္မာစရိယနှင့် ပထမပြန်အထူးအောင်စာမေးပွဲ

အောင်စာရင်းထုတ်ပြန်ကြေညာ

ရန်ကုန် ဇူလိုင် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၈ခုနှစ်အတွက် ကျင်းပပြီးစီးခဲ့သော ဓမ္မာစရိယစာမေးပွဲတွင် ဖြေဆိုခဲ့သော သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအနက် သုံးကျမ်းအောင် ၈၅၆ပါး၊ နှစ်ကျမ်းအောင် ၇၀၁ပါး၊ တစ်ကျမ်းအောင်အပါး ၆၉၀၊ မြန်မာဂုဏ်ထူးနှစ်ပါး အောင်မြင်တော်မူကြသည်။

၂၀၀၈ခုနှစ် ပထမပြန်အထူးအောင် ရွေးချယ်ရေးစာမေးပွဲတွင် ဖြေဆိုခဲ့ကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်၊ လူပုဂ္ဂိုလ်များအနက် ပထမကြီးတန်း၌ လေးပါး၊ ပထမလတ်တန်း၌ လေးပါး၊ ပထမငယ်တန်း၌ လေးပါးအောင်မြင်တော်မူကြသည်။

အထူးအောင်ပုဂ္ဂိုလ်များမှာ-

ဓမ္မာစရိယတန်း

၁။ ပထမ (အဂ္ဂမဟာအကျော်)	ခုံအမှတ် (ဠ-၁၆)အရှင်ကောဝိဒ မင်းကုန်းမဟာစာသင်တိုက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း
၂။ ဒုတိယ	ခုံအမှတ် (ရ-၂၁၇) အရှင်အာသဘ သီတာရုံစာသင်တိုက် တောင်ငူမြို့၊ ပဲခူးတိုင်း
၃။ တတိယ	ခုံအမှတ် (ရ-၅၉) ဦးစန္ဒာဝရ အောင်မြင်ဇေယျကျောင်းတိုက် တောင်ငူမြို့၊ ပဲခူးတိုင်း

ပထမကြီးတန်း

၁။ ပထမ (ပထမကျော်)	ခုံအမှတ် (စက-၁၁၄) အရှင်ပါရဂူလင်္ကာရ မြစကြာကျောင်းတိုက် သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း
၂။ ဒုတိယ	ခုံအမှတ်(စက-၁၁၂) အရှင်ဉာဏာဓောလင်္ကာရ မြစကြာကျောင်းတိုက် သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း
၃။ တတိယ	ခုံအမှတ် (မုံ-၁၂၂) အရှင်ပညာသာရ မဟာဓောတိကာရာမတိုက် ဘုန်းစိုးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း
၄။ သီလရှင် (ပထမ)	ခုံအမှတ် (ရေး-၂) ဒေါ်သောဏာထေရီ နေလကမ္ဘာဓမ္မဗိမာန်ကျောင်းတိုက် ရေးမြို့၊ မွန်ပြည်နယ်

ပထမလတ်တန်း

၁။ ပထမ	ခုံအမှတ်(မန်း/အမဇ-၅၆၈) ရှင်ပညာသာမီလင်္ကာရ အောင်ချမ်းသာပရိယတ္တိကျောင်း မြောက်စလင်းတိုက်၊ မန္တလေးမြို့၊ မန္တလေးတိုင်း
၂။ဒုတိယ	ခုံအမှတ်(ဗဟ-၁၂) ရှင်ဝရဉာဏ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း
၃။တတိယ	ခုံအမှတ်(စက-၂၄၉) အရှင်ဥေယျဓမ္မာလင်္ကာရ မြစကြာကျောင်းတိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း
၄။သီလရှင်(ပထမ)	ခုံအမှတ်(ရေး-၁) မဓိတိမာ နေလကမ္ဘာဓမ္မဗိမာန်ကျောင်းတိုက် ရေးမြို့၊ မွန်ပြည်နယ်

ပထမငယ်တန်း

၁။ပထမ	ခုံအမှတ်(စက-၂၄၄) ဦးပညိန္ဒြိယ မြစကြာကျောင်းတိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း
၂။ဒုတိယ	ခုံအမှတ် (လင်း-၇၂) ရှင်ခေမာနန္ဒ ဓမ္မဒူတတောရကျောင်းတိုက် တောင်စွန်း၊ ဘီးလင်းမြို့၊ မွန်ပြည်နယ်
၃။တတိယ	ခုံအမှတ် (ညတ-၇၈) ရှင်ဝိမလ တောင်ညိုကျောင်းတိုက် ညောင်တုန်းမြို့၊ ဧရာဝတီတိုင်း
၄။သီလရှင်(ပထမ)	ခုံအမှတ်(စက-၇၅၃) မဇေယျနန္ဒီ သကျသီတာသီလရှင်စာသင်တိုက် နန်းဦးမြို့သစ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

ကြည့်ရှုနိုင်

ယခုနှစ် ဓမ္မာစရိယစာမေးပွဲ အောင်စာရင်းနှင့် ပထမပြန် အထူးအောင် စာမေးပွဲ အောင်စာရင်းများကို ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ရုံးများ၌ လည်းကောင်း၊ ပြည်နယ်/တိုင်းသာသနာရေးမှူးရုံးများ၌လည်းကောင်း၊ သက်ဆိုင်ရာ စာဖြေဌာနရှိ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးများ၌ လည်းကောင်း ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

မဏိရတနာပုံကျောင်းတိုက် ပြည်ရွှေဘိုဆရာတော် ဓမ္မသဘင်

ရန်ကုန် ဇူလိုင် ၂၅

ရွှေဘိုမြို့ မဏိရတနာပုံကျောင်းတိုက်ဆရာတော် ရွှေဘိုမြို့ ရတနာပုံကျော်ကျောင်းတိုက်ဆရာတော်၊ သီတဂူကြယ်တပွင့်ဆရာတော်တို့၏တပည့်ရင်း၊ မန္တလေးမြို့မလွန်ဈေးဆန်လှူအသင်းကြီး၏ နယ်လှည့်ဓမ္မကထိကဆရာတော် ပြည်ရွှေဘို အရှင်ဝိစာရ (ဓမ္မာစရိယ)သည် ဝါဆိုလကွယ်နေ့ (ဩဂုတ် ၁ရက်) ညနေ ၃နာရီတွင် ရွှေဘိုမြို့သမိုင်းဝင် ရွှေတန်းဆာမြတ်စွာဘုရားဓမ္မဗိမာန်တော်အတွင်း၌ လည်းကောင်း၊ ည ၇နာရီတွင် မုခ်ငါးတန်နှင့် နေရဗာန်မြတ်စွာဘုရား ဓမ္မဗိမာန်တော်ကြီးအတွင်း၌လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြား ချီးမြှင့်မည်ဖြစ်သည်။

(က-ပ)

ကောင်းသောစိတ်သည်သာလျှင် ချမ်းသာသုခကို ပေးစွမ်းနိုင်၏

လောကီ၊ လောကုတ္တရာနှစ်ဖြာသော သုခချမ်းသာ မျိုးကို မိခင်သည်လည်း မပေးနိုင်၊ ဖခင်သည်လည်း မပေးနိုင်၊ ဆွေမျိုးတို့သည်လည်း မပေးနိုင်။

ကောင်းစွာစောင့်ရှောက်၊ ဆောက်တည်အပ်သော စိတ်သည်သာလျှင် မိဘ၊ ဆွေမျိုးတို့ထက် ပိုမို၍ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်၏။

(ဓမ္မပဒ - ၄၄)

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ဇူလိုင် ၂၅ရက်က ရန်ကုန်မြို့ ဆူးလေစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီး ရှစ်ပါးအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ဆူးလေစေတီတော်ရင်ပြင် ကျက်သရေဆောင်ခန်းမ၌ ကျင်းပရာ ဆူးလေစေတီတော် ဂေါပကအဖွဲ့မှ ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် နဝကမ္မအလှူတော် ဝတ္ထုငွေလှူများကို ဆက်ကပ်လှူဒါန်းကြစဉ်။

(က-ပ)

နယ်စပ်သာသနာပြု သဒ္ဓမ္မဇောတိကာရုံ စာသင်တိုက် သဒ္ဓမ္မဘောဇနဆွမ်းစားကျောင်းဆောင် ကျောင်းလှူပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၀)ရပ်ကွက် ဇီဝကလမ်းရှိ နယ်စပ်သာသနာပြု သဒ္ဓမ္မဇောတိကာရုံစာသင်တိုက်၏ သဒ္ဓမ္မ ဘောဇနဆွမ်းစားကျောင်းဆောင် ကျောင်းလှူပူဇော်ပွဲနှင့် အဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်၉နာရီတွင် အဆိုပါစာသင်တိုက်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနိမလ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၏ဇနီး ဒေါ်မြင့်မြင့်အေး၊ အလှူရှင်များ၊ စေတနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

သီလခံယူဆောက်တည်

ရှေးဦးစွာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ရွှေဘုန်းပွင့်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝါယမထံမှ ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြ၍ ဆရာတော် သံဃာတော်များက ရွတ်ပွား သရဇ္ဈာယ်တော်မူကြသော ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော် သံဃာတော်များအား မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်မြင့်မြင့်အေး၊ အလှူရှင်များနှင့် စေတနာရှင်များက ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

တည်ဆောက်

အဆိုပါ သဒ္ဓမ္မဘောဇန ဆွမ်းစားကျောင်းဆောင်ကို မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဇနီးဒေါ်မြင့်မြင့်အေး မိသားစုတို့က မတည်လှူဒါန်းငွေကျပ် ၈၅သိန်း၊ ဒေါက်တာကြင်နှင့် ဇနီး ဒေါက်တာခင်ခင်ရီ(ရှိုင်းဟုတ် မိသားစု) တို့က ငွေကျပ်၁၆၄သိန်း၊ ဗိုလ်ကြီးဘုန်းဆွေနှင့်ဇနီး ဒေါ်အေးအေးမွန် မိသားစုတို့က ငွေကျပ်၄၅၃၅၀၀၀၊ ဦးရွှေနှင့်ဇနီး ဒေါ်စိန်မြ (စိန်စိုးစံဆန်ဆိုင်) မိသားစုတို့က ငွေကျပ် ၄၅၀၅၀၀၀နှင့် အလှူရှင်၊ စေတနာရှင်များ၏ စုပေါင်း လှူဒါန်းငွေများအပါအဝင် စုစုပေါင်း ငွေကျပ်သိန်း၄၀၀ အကုန်အကျခံတည် ဆောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန် အနောက်ပိုင်းခရိုင် အလုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြို့နယ်လုံးကျွတ် စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဇူလိုင် ၂၁ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီးတို့က သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူစဉ်။

(က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ခုနှစ် ဇူလိုင်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၇-၇-၂၀၀၈)ရက်နေ့
၂၀၀၈ခုနှစ် ဩဂုတ်လအတွက်
(၁၀-၈-၂၀၀၈)ရက်နေ့
နှင့်
(၃၁-၈-၂၀၀၈)ရက်နေ့

ပေါင်းတည်ဘိုးဘွားရိပ်သာသို့ ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၅

ပဲခူးတိုင်း ပေါင်းတည်မြို့၌ ဒေါ်ဦးဖွန်း တည်ထောင်ခဲ့သော ပေါင်းတည် ဘိုးဘွားရိပ်သာသို့ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၄၉ လမ်း(အထက်) အမှတ် ၁၄၀ သုံးလွှာနေ ကွယ်လွန်သူ ဘွားဘွားဒေါ်ကြည်ကြည်၏ (၁၉)နှစ်မြောက် အထိမ်းအမှတ်အဖြစ် မြေးများဖြစ်ကြသည့် မသဇင်ဦးနှင့် မောင်အာကာဦးတို့ က ဇူလိုင် ၂၃ရက်တွင် အလှူငွေကျပ် ၁၉၀၀၀၀ကို လာရောက်လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

ယင်းသို့လှူဒါန်းလိုပါက ပေါင်းတည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ပေါင်းတည်မြို့နယ်အသင်း (ရန်ကုန်)နှင့် ဦးသိန်းလွင် အမှတ် ၂၆၃ (ပထမထပ်) ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၇၀၉၁၉၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

26-7 (03).pmd 1 7/27/2008, 1:39 AM



အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ အီလက်ထရွန်နစ်အရောင်းပြခန်း၌ အရောင်းဝန်ထမ်းတစ်ဦးက လက်တော့ပ် တစ်လုံး ပြသထားသည်ကို ဇူလိုင် ၂၄ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နယ်စပ်ဖြတ်ကျော် ရေနံမှောင်ခိုရောင်းဝယ်မှု ဗီယက်နမ်အစိုးရ ဟန့်တားထိန်းချုပ်မည်

ဟန္နိုင်း ဇူလိုင် ၂၅

ဗီယက်နမ်နိုင်ငံ၏ ပြင်ပသို့ ရေနံလောင်စာဆီများ တရားမဝင်မှောင်ခို တင်ပို့ရောင်းချမှုနှင့် ပတ်သက်ပြီး ရေနံလောင်စာ ထုတ်ကုန်များကို အကာအကွယ်ပေးရန် အရှေ့အနောက် နယ်စပ်တစ်လျှောက် လုံခြုံရေးပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ဗီယက်နမ်မီဒီယာများက ဇူလိုင် ၂၄ ရက်၌ ဖော်ပြသည်။

ဟန့်တားထိန်းချုပ်

ဗီယက်နမ်နိုင်ငံ၏ အနောက်တောင်ဘက် နယ်ခြားတစ်လျှောက်တွင် လုံခြုံရေးများ တိုးမြှင့်ချထားမည်ဖြစ်ကြောင်း ဆိုင်ဂုံသတင်းစာ၌ ဖော်ပြသည်။ နယ်စပ်ဖြတ်ကျော် မှောင်ခိုကူးမှုများကို ဗီယက်နမ်က ဟန့်တားထိန်းချုပ်သွားမည်ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်

ထိုသို့နယ်စပ်ဒေသတွင် လောင်စာဆီများ တရားမဝင်ခိုးထုတ်မှုအပေါ် ဟန့်တားထိန်းချုပ်ရာတွင် သက်ဆိုင်ရာဝန်ကြီးများ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ဗီယက်နမ်မှ ရေနံနှင့်ရေနံထုတ်ကုန်များမှာ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများသို့ နယ်စပ်များမှ ဖြတ်ကျော်ကာ တရားမဝင် တင်ပို့ရောင်းချနေကြခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ ၂၅-၇-၂၀၀၈

နော်ဝေဘုရင်နှင့်မိဖုရား ပေကျင်းအိုလံပစ်ပွဲတော်ဖွင့်ပွဲ တက်ရောက်မည်

အော့စလို ဇူလိုင် ၂၅

နော်ဝေဘုရင် ဟာရယ်ဒ်ဗွီနှင့် မိဖုရား ဆွန်ဂျာဟာရယ်ဒ်ဆန်တို့သည် ဩဂုတ် ၈ရက်တွင် ကျင်းပမည့် ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြမည်ဖြစ်သည်။ ထို့ပြင် အိမ်ရှေ့မင်းသား ဟာကွန်မက်ဂျူနှင့် နော်ဝေ ယဉ်ကျေးမှုဝန်ကြီးတို့သည် ဩဂုတ် ၂၄ ရက်တွင် ကျင်းပမည့် ပေကျင်းအိုလံပစ်ပွဲတော်ပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်မည် ဖြစ်သည်။

ခရီးသည် နားနေဆောင်သစ် ဖိလစ်ပိုင်လေဆိပ်၌ဖွင့်လှစ်

မနီလာ ဇူလိုင် ၂၅

ဖိလစ်ပိုင်နိုင်ငံ အက်ကာလန်ပြည်နယ်ရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဇူလိုင် ၂၂ ရက်က အသစ်ထပ်မံဖွင့်လှစ်သော ခရီးသည်နားနေဆောင်သည် သုံးခုမြောက် နားနေဆောင်ဖြစ်ပြီး ၎င်းနိုင်ငံ အာဏာပိုင်အဖွဲ့က အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၄ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ချီလီနှင့်လစ်သူယေးနီးယား ခရီးသွားလုပ်ငန်း တိုးမြှင့်

ဆန်တီယာဂို ဇူလိုင် ၂၅

ချီလီနိုင်ငံနှင့် လစ်သူယေးနီးယား နှစ်နိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာ သဘောတူညီမှုတစ်ရပ်ကို ဇူလိုင် ၂၄ ရက်က ချီလီနိုင်ငံ ဆန်တီယာဂိုမြို့၌ ချီလီသမ္မတ မစ်ရှဲလ်ဘာချီလက်နှင့် လစ်သူယေးနီးယားသမ္မတ ဗာဒါ့အဒမ်ကူတို့ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။

ကော်စတာရီကာ၌ ဘိန်းဖြူကီလို ၈၀၀ သိမ်းဆည်းမိ

ဆန်ဂျို့စ် ဇူလိုင် ၂၅

ကော်စတာရီကာ ကမ်းရိုးတန်းလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက ပစိဖိတ်သမုဒ္ဒရာအတွင်း ငါးဖမ်းစက်လှေတစ်စင်းပေါ်မှ ဘိန်းဖြူကီလို ၈၀၀ ကို သိမ်းဆည်းမိခဲ့ကြောင်း ဒေသတွင်း သတင်းဌာနများက သတင်း ထုတ်ပြန်သည်။ ငါးဖမ်းစက်လှေအတွင်း ဘိန်းဖြူကီလို ၂၀ စီ ထုပ်ထားသည့် အထုပ်ငယ် ၄၀ ကို ငါးဖမ်းစက်လှေအတွင်း၌ဝှက်၍ သယ်ယူလာခြင်းဖြစ်သည်။

ဓာတ်အားပေးစက်ရုံ သုံးရုံ ဂျာဗားပြည်နယ်၌ တည်ဆောက်မည်

ပေကျင်း ဇူလိုင် ၂၅

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားနှင့် အနောက်ဂျာဗားပြည်နယ်များတွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံ သုံးခုတည်ဆောက်မှုစီမံကိန်းတွင် တရုတ်နိုင်ငံ သွင်းကုန်ထုတ်ကုန် ဘဏ်လုပ်ငန်းမှ ငွေကြေးထောက်ပံ့ကာ ရင်းနှီးမြှုပ်နှံပေးမည်ဖြစ်ကြောင်း ဇူလိုင် ၂၄ ရက် ဆင်ဟွာ သတင်း၌ ဖော်ပြသည်။

အင်ဒိုနီးရှားမှဓာတ်ငွေ့ တောင်ကိုရီးယားဝယ်ယူမည်

ဂျကာတာ ဇူလိုင် ၂၅

တောင်ကိုရီးယားနိုင်ငံမှ ကိုဂက်စ်သဘာဝဓာတ်ငွေ့ ကုမ္ပဏီသည် အင်ဒိုနီးရှားနိုင်ငံ တန်ဂူရေနံနှင့်သဘာဝဓာတ်ငွေ့တွင်းမှ ဓာတ်ငွေ့များကို ဝယ်ယူမည်ဖြစ်ကြောင်း အင်ဒိုနီးရှား ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ပြောကြားသည်။ ဓာတ်ငွေ့ဝယ်ယူရေးစာချုပ်ကို ဩဂုတ်လအတွင်း သဘောတူလက်မှတ် ရေးထိုးဖွယ်ရှိပြီး ၂၀၁၀ ပြည့်နှစ်တွင် ဓာတ်ငွေ့စတင်ပို့လွှတ်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

သဘာဝဘေးကယ်ဆယ်ရေး အာဆီယံ၌ ဆွေးနွေး

စင်ကာပူ ဇူလိုင် ၂၅

အာရှ-ပစိဖိတ်နိုင်ငံများ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးကဏ္ဍတစ်ရပ်လေ့ကျင့်မှုပြုလုပ်ရန် အစီအစဉ်ကို အာဆီယံနိုင်ငံများ အစည်းအဝေး၌ ဆွေးနွေး ပြောကြားသည်။ အဆိုပါ စီမံကိန်းကို လာမည့်နှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ လေ့ကျင့်ပြုလုပ်မည် ဖြစ်သည်။

အယ်လ်ဂျီးယားစ်၌ အသေခံ ဗုံးဖောက်ခွဲ

အယ်လ်ဂျီးယားစ် ဇူလိုင် ၂၅

အယ်လ်ဂျီးရီးယားနိုင်ငံ အယ်လ်ဂျီးယားစ်မြို့မှ ကီလိုမီတာ ၁၂၀ အကွာရှိ တပ်ဖွဲ့ဝင်များ၏ စစ်တန်းလျားအနီး၌ ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက အသေခံဗုံးဖောက်ခွဲ တိုက်ခိုက်မှုဖြစ်ပွားရာ တပ်ဖွဲ့ဝင် ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းဖောက်ခွဲရေးသမားသည် နံနက် ၆ နာရီခွဲခန့်က မော်တော်ဆိုင်ကယ်ဖြင့် အရှိန်ပြင်းစွာ မောင်းနှင်လာပြီး ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာမှ သတင်းထုတ်ပြန်သည်။

ကမ္ဘာ့မြို့ကြီးအချို့၏ မိုး/လေ အခြေအနေ

နယူးယောက် ဇူလိုင် ၂၅

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ ဇူလိုင် ၂၅ ရက်က ထုတ်ပြန်ခဲ့သော မြို့ကြီးအချို့၏ ရာသီဥတုအခြေအနေကို အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၃၄°C	သာယာ
ဂျပန်	တိုကျို	၃၂°C	မိုးရွာ
ထိုင်း	ဗန်ကောက်	၃၄°C	လေပြင်းတိုက်၊မိုးရွာ
ဩစတြေးလျ	ဆစ်ဒနီ	၁၆°C	တိမ်ထူထပ်
ပါကစ္စတန်	ကရာချိ	၃၃°C	တိမ်ထူထပ်
အီဂျစ်	ကိုင်ရို	၃၄°C	သာယာ
ရုရှား	မော်စကို	၂၅°C	တိမ်ထူထပ်
ဂျာမနီ	ဖရန့်ဖွတ်	၂၆°C	တိမ်ထူထပ်၊သာယာ
ပြင်သစ်	ပါရီ	၂၄°C	သာယာ
ဗြိတိန်	လန်ဒန်	၂၅°C	တိမ်ထူထပ်
အမေရိကန်	နယူးယောက်	၂၈°C	လေပြင်းတိုက်၊မိုးရွာ

(အင်တာနက်)

အမေရိကန်အနောက်မြောက်ပိုင်း အော်ရီဂွန်ပြည်နယ် ပေါ့တလန်မြို့၌ မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေသည်ကို ဇူလိုင်၂၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ယခုလအတွင်း ရေနံတွင်းသစ်နှစ်တွင်း အီရန်၌ တူးဖော်တွေ့ရှိ

တီဟီရန် ဇူလိုင် ၂၅

အီရန်နိုင်ငံ အနောက်တောင်ပိုင်း ကာဇက်စတန်ပြည်နယ်၌ ရေနံတွင်းသစ်ကို တူးဖော်တွေ့ရှိခဲ့ရာ အဆိုပါ ရေနံတွင်းမှ စည်ပေါင်း သန်း ၅၀၀ ခန့်ထွက်ရှိနိုင်ကြောင်း ဇူလိုင် ၂၂ ရက်တွင် စွမ်းအင်ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ယခုလအတွင်း ဘူရှီဟာပြည်နယ်၌လည်း ရေနံတွင်းသစ်တွေ့ရှိခဲ့ရာ အဆိုပါရေနံတွင်းသစ်နှစ်တွင်းမှ ရေနံစည်ပေါင်း ၁ ဒသမ ၆ ဘီလီယံ ထွက်ရှိနိုင်မည်ဖြစ်သည်။

အီရန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ရေနံထုတ်လုပ်နိုင်မှုမှာ စတုတ္ထအဆင့်တွင်ရှိပြီး (အိုပက်)အဖွဲ့ဝင်နိုင်ငံများအတွင်း ဒုတိယအဆင့်၌ ရှိသည်။ တစ်ကမ္ဘာလုံး ရေနံထုတ်လုပ်မှုပမာဏ၏ ၁၂ ရာခိုင်နှုန်းသည် ၎င်းနိုင်ငံမှ ထွက်ရှိပြီး ရေနံစည်ပေါင်း ဘီလီယံ ၁၃၀ ကျော်ထွက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

၂၀၀၉ ခုနှစ်အတွက် သဘာဝဓာတ်ငွေ့ ဈေးနှုန်းသတ်မှတ်ရေး ယူကရိန်းနှင့်ရုရှားတို့ သဘောတူညီမှုရရှိ

ကီယက်ဗ် ဇူလိုင် ၂၅

ယူကရိန်းနိုင်ငံသည် ၂၀၀၉ ခုနှစ်အတွင်း ဝယ်ယူမည့် သဘာဝဓာတ်ငွေ့ ဈေးနှုန်းကိုသတ်မှတ်ပေးရန် ရုရှားနိုင်ငံရှိ စွမ်းအင်ကုမ္ပဏီကြီးဖြစ်သည့် ဂက်ဇ်ပွန်ကုမ္ပဏီနှင့်သဘောတူညီချက် ရရှိခဲ့ပြီးဖြစ်သည်။

မိမိတို့သည် လာမည့်နှစ်အတွက် ဝယ်ယူမည့်သဘာဝဓာတ်ငွေ့ဈေးနှုန်းကို သတ်မှတ်ရန် သဘောတူညီခဲ့ကြကြောင်း၊ ၂၀၀၉ ခုနှစ်အတွက် သဘာဝဓာတ်ငွေ့ ဈေးနှုန်းကိုတာခ့်မင်နစ္စတန်နိုင်ငံ၊ ကာဇက်စတန်နှင့် ဂက်ဇ်ပွန်ကုမ္ပဏီတို့ အပြီးသတ်တွေ့ဆုံဆွေးနွေးပြီးနောက် ကြေညာဖွယ်ရှိကြောင်း ယူကရိန်းဝန်ကြီးချုပ် ယူလီယာတိုင်မိုရှင်ကိုက ဇူလိုင် ၂၄ ရက်တွင် အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေး၌ထုတ်ဖော်ပြောကြားခဲ့သည်။

ရောင်းချ

ယင်းသို့ သဘောမတူမီကဂက်ဇ်ပွန်ကုမ္ပဏီသည် ယခုလက်ရှိသဘာဝဓာတ်ငွေ့ ဈေးနှုန်းဖြစ်သည့် ၁၀၀၀ ကုဗစင်တီမီတာလျှင် အမေရိကန်ဒေါ်လာ ၁၇၉ ဒသမ ၅ ဒေါ်လာနှုန်းထက်ပိုကာ ဥရောပဈေးနှုန်းဖြစ်သည့် ဒေါ်လာ ၄၀၀ အထိ ဈေးတင်ရောင်းရန် အရိပ်အယောင်ပြခဲ့သည်။

(အင်တာနက်)

ပြင်သစ်တောင်ပိုင်းရှိ နျူကလီးယားစက်ရုံ နျူကလီးယားဓာတ်ရောင်ခြည်ဖြာထွက်မှုဖြစ်ပွား

ပါရီ ဇူလိုင် ၂၅

ပြင်သစ်နိုင်ငံတောင်ပိုင်းရှိ နျူကလီးယားစွမ်းအင်စက်ရုံတစ်ရုံ၌ ဇူလိုင် ၂၃ ရက်က ရေဒီယိုသတ္တိကြွမှုများ ဖြစ်ပွားပြီး နျူကလီးယားဓာတ်ရောင်ခြည်ဖြာထွက်မှု ဖြစ်ပွားခဲ့ကြောင်း ပြင်သစ်အရာရှိများက ဇူလိုင် ၂၄ရက်၌ ပြောကြားသည်။

ထိုသို့ နျူကလီးယားဓာတ်ရောင်ခြည်ဖြာထွက်မှုမှာ စက်ရုံအတွင်း နျူကလီးယားပစ္စည်းများကို ဓာတ်ပေါင်းဖို (အမှတ် ၄)အတွင်း ထည့်သွင်းရန် သယ်ယူလာစဉ် ရေဒီယိုသတ္တိကြွမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ နျူကလီးယားစွမ်းအင်စက်ရုံသည် ဇူလိုင် ၁၂ရက်ကတည်းက နျူကလီးယားယိုစိမ့်မှု ဖြစ်ပွားနေခြင်းဖြစ်ကာ ဆက်လက်ပြီး နျူကလီးယားယိုစိမ့်မှုများ ပိုမိုဆိုးရွားလာသဖြင့် ဝန်ထမ်း ၁၀၀ခန့်ကို အမြန်ရွှေ့ပြောင်း ပေးခဲ့ရသည်။

အမ်အင်န်အေ၊ရိုက်တာ

မက္ကဆီကိုနိုင်ငံ ကမ်းရိုးတန်း၌ ရေနံတင်သင်္ဘောတစ်စင်း ရေနံယိုဖိတ်မှု ဖြစ်ပွားပြီးနောက် ရှင်းလင်းနေသည်ကို ဇူလိုင် ၂၄ ရက်ကတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ရုရှားနှင့် ဗင်နီဇွဲလား ကာကွယ်ရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မည်

မော်စကို ဇူလိုင် ၂၅

ရုရှားနိုင်ငံနှင့် ဗင်နီဇွဲလားနိုင်ငံတို့သည် လာမည့်အနာဂတ်ကာလတွင် ကာကွယ်ရေးနှင့် ကုန်သွယ်ရေး ကဏ္ဍများ ပိုမိုပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံမော်စကိုမြို့သို့ ချစ်ကြည်ရေး ခရီးရောက်ရှိနေသည့် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်၏ ပြောရေးဆိုခွင့် ရှိသူတစ်ဦးက ပြောကြားသည်။

တွေ့ဆုံဆွေးနွေး

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်မှာ ဇူလိုင်၂၂ရက်က ရုရှားနိုင်ငံ မော်စကိုမြို့သို့ ရောက်ရှိခဲ့ရာ ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်၊ ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်တို့နှင့် ကာကွယ်ရေးနှင့် ကုန်သွယ်ရေး ဆိုင်ရာ ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံအနေဖြင့် ရုရှားနိုင်ငံမှ တိုက်ခိုက်ရေးရဟတ်ယာဉ်နှင့် ရိုးရိုးရဟတ်ယာဉ်အစင်း၅၀ ဝယ်ယူမည်ဖြစ်ရာ ရုရှားနိုင်ငံမှ လာမည့် ၂၀၀၉ခုနှစ် နှစ်ဝက်မတိုင်မီ အနည်းဆုံး အမ်အိုင်-၂၈ အင်န် ရဟတ်ယာဉ်၁၀စင်း ဖြည့်ဆည်းပေးမည် ဖြစ်သည်။

လက်မှတ်ရေးထိုး

ဗင်နီဇွဲလားနိုင်ငံပိုင် ရေနံကုမ္ပဏီနှင့် ရုရှားစွမ်းအင်ကုမ္ပဏီကြီးသုံးခုတို့က အကျိုးတူပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ သဘောတူညီမှုတစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးခဲ့ကြသည်။

ပြီးခဲ့သည့်နှစ်အတွင်း ဗင်နီဇွဲလားနှင့် ရုရှားနိုင်ငံတို့၏ ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၁ဒသမ၁ဘီလီယံရှိကြောင်း သိရသည်။ (အင်တာနက်)

အင်တာနက် ကျန်းမာရေး

ဘူးသီးစားသုံးခြင်းဖြင့် ကလေးငယ်များ ဉာဏ်ရည်ထက်မြက်နိုင်

ဘူးသီးကိုအာရှတိုက်၌ စားသုံးမှုများသည်။ ပူနွေးစွတ်စိုသော ရာသီဥတုတွင် ကောင်းစွာ စိုက်ပျိုး ဖြစ်ထွန်းသည်။ အာဟာရဓာတ်ပြည့်ဝသော ဟင်းသီးဟင်းရွက်များ၌ ဘူးသီးလည်း ပါဝင်လျက်ရှိသည်။

ပါဝင်

ဘူးသီးတွင် ပါဝင်သောဓာတ်များမှာ ဗီတာမင်စီ၊ ကယ်လ်ဆီယမ်၊ သံဓာတ်၊ ဗီတာမင်အေ၊ ဆိုဒီယမ်နှင့် ပရိုတိန်းတို့ ပါဝင်ပြီး အများဆုံးပါဝင်သောဓာတ်မှာ ကယ်လ်ဆီယမ်ဖြစ်သည်။

အထောက်အကူပေး

ဘူးသီးကို ပုံမှန်စားသုံးပေးပါက အရေပြားပေါ်တွင် ဖြစ်ပွားတတ်သောရောဂါများ ဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း၊ ထို့အပြင် သွေးသန့်စင်မှုကိုလည်း အထောက်အကူပေးနိုင်ကြောင်း သိရသည်။

ဉာဏ်ရည်ထက်မြက်

အထူးသဖြင့် ဘူးသီးကိုငယ်စဉ်ကပင် ကလေးငယ်များအား စားသုံးသည့် အလေ့အထပြုလုပ်ပေးပါက အရွယ်ရောက်လာသည့်အခါ ဉာဏ်ရည်ထက်မြက်ကြသူများ ဖြစ်လာနိုင်ကြောင်း ၄င်းတို့ကဖော်ပြသည်။

ဖယ်ရှားလိုက်ပုံက . . .

ဘဝအမောပြေ

မြေးဖြစ်သူ၏ လည်ချောင်းအတွင်း အိမ်ရိုက်သံတစ်ချောင်းဝင်သွား၍ ပုဂ္ဂလိက ဆေးခန်းတစ်ခန်း၌ ခွဲစိတ်ဖယ်ရှားနေမှုကို ကြည့်ရှုနေသော တူဖြစ်သူအား အဘွား ဖြစ်သူက ဖုန်းဖြင့်လှမ်းမေးခဲ့သည်။

အဘွား ။ ။ ဘယ်လိုနေလဲ။
တူ ။ ။ ခွဲစိတ်နေတုန်းပါပဲ။
အဘွား ။ ။ ကြာလိုက်တာ။
တူ ။ ။ ခက်ခက်ခဲခဲ ခွဲစိတ်နေရတယ်။
အဘွား ။ ။ လွယ်ပါ့မလား။
တူ ။ ။ ကြိုးစားနေကြပါတယ်။
အဘွား ။ ။ အဲဒီသံချောင်းက မထွက်သေးဘူးလား။
တူ ။ ။ ဟာ… ထွက်သွားပြီ။
အဘွား ။ ။ ဟဲ့… ဘာထွက်သွားတာလဲ။
တူ ။ ။ “အသက်”
အဘွား ။ ။ **“ဟယ်”**

ဘဝဒဿနအမြင်

* *Experience is the mother of knowledge.*

အတွေ့အကြုံသည် ဗဟုသုတ၏ မိခင်သဖွယ်ဖြစ်သည်။

ဆာဗန်တက်စ်

(စပိန်လူမျိုး စာရေးဆရာ)

* *Prosperity is only a instrument to be used, not a deity to be worshipped.*

ချမ်းသာကြွယ်ဝမှုသည် အသုံးချရန် ကိရိယာတန်ဆာ တစ်ခုသာဖြစ်ပြီး ကိုးကွယ် ဆည်းကပ်ရမည့်အရာ မဟုတ်ချေ။

ကယ်လ်ဗင်ကိုလိဂျ်

(အယောက် ၃၀မြောက် အမေရိကန်သမ္မတ)

ကျောက်မီးသွေးဈေးနှုန်း မြင့်တက်လာမှု တရုတ်ထိန်းချုပ်မည်

ပေကျင်း ဇူလိုင် ၂၅

လောင်စာဈေးနှုန်း မြင့်တက်လာမှုကြောင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု အခက်အခဲ ပြဿနာများကို အကူအညီ ပေးနိုင်ရန်အတွက် နိုင်ငံအတွင်း ကျောက်မီးသွေးဈေးနှုန်းမြင့်တက်လာမှုကို တရုတ်နိုင်ငံက တင်းတင်းကျပ်ကျပ် ထိန်းချုပ်သွားမည်ဖြစ်ကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဇူလိုင် ၂၄ ရက်၌ သတင်းထုတ်ပြန်သည်။

ကြေညာ

ကျောက်မီးသွေးထုတ်လုပ်သူများ အနေဖြင့် ဈေးနှုန်းမြင့်တင်ခြင်းကိုသော်လည်းကောင်း၊ ကုန်သည် သို့တည်းမဟုတ် သိုလှောင်သူများအနေဖြင့် ဈေးကစားမှုများပြုလုပ်ပါက ချမှတ်ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း၊ ဥပဒေချိုးဖောက်သူများကိုလည်း မီဒီယာများတွင် ဖော်ပြကြေညာသွားမည်ဖြစ်ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်၌ ပါရှိသည်။

ထိန်းချုပ်

ကျောက်မီးသွေးဈေးနှုန်းမြင့်တက်မှုကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် ကုမ္ပဏီများအနေဖြင့် လျှပ်စစ်ဓာတ်အား လုံလောက်မှုမရှိသည့် ပြဿနာများ ပိုမိုတိုးပွားလာနိုင်ကြောင်း၊ ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ တရုတ်နိုင်ငံ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းရှိသည့်အတွက် ကျောက်မီးသွေးဈေးနှုန်းကို ထိန်းချုပ်ခြင်းဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

နိုင်ငံတကာမှုခင်းဖြစ်ရပ်

ရန်မီးပွားခဲ့မိသည်၏ နောက်ဝယ် . . .

ရှက်ဖီးလ်ဒ်မြို့လေးသည် တောင်ယော့ရှိုင်းယားပြည်နယ် မြောက်ပိုင်း ပင်လယ်ကမ်းရိုးတန်းရှိ လူဦးရေ ခုနစ်သိန်း ကျော်နေထိုင်သော မြို့တစ်မြို့ဖြစ်သည်။ ယင်းမြို့လေးတွင် အသက် ၁၇နှစ်အရွယ်ရှိ တာရက်ခ်ရှိုင်ဘော့ခ် **(ယာပုံ)**ဆိုသည့် လူငယ်တစ်ဦး နေထိုင်သည်။ တာရက်ခ်ရှိုင်ဘော့ခ်အား ရင်းနှီးသည့် မိတ်ဆွေများက ဂျီတီဟုခေါ်ကြလေသည်။

ထူးချွန်ထက်မြက်

တာရက်ခ်၏ မိဘများက လူချမ်းသာစာရင်းဝင်များဖြစ်ကြသဖြင့် ဘဝကို အေးချမ်းသာယာစွာ ဖြတ်သန်းနေရသူ တစ်ဦးဖြစ်သည်။ သူသည် တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသူ ကျောင်းသားတစ်ဦးဖြစ်သည်။ တာရက်ခ်သည် ပညာရေးတွင် ထူးချွန်ထက်မြက်သူ တစ်ဦး မဟုတ်သော်လည်း အလယ်အလတ်စာရင်းတွင် ပါဝင်သူတစ်ဦးဖြစ်သည်။

တာရက်ခ်သည် မိဘများအပေါ် ဆိုးသွမ်းသည့်သား မဟုတ်သော်လည်း လူငယ်ပီပီ မဟုတ်မခံစိတ် ရှိသောသူ တစ်ဦး ဖြစ်သည်။ ထို့ကြောင့်လည်း သူ၏ လူငယ်အုပ်စု ပတ်ဝန်းကျင်တွင် အဖုအထစ် ကလေးများ ရှိသူဖြစ်သည်။ သူသည် မဟုတ်မခံစိတ်ရှိသူ ဖြစ်သည့်အတွက် ဆိုးသွမ်းလူငယ်များ၏ ရန်ငြိုးထားခြင်းကို ခံခဲ့ရသည်။ သို့သော်လည်း တာရက်ခ်သည် ရန်ငြိုး မထားတတ်သော သူ၏စိတ်ဓာတ်နှင့် နှိုင်းယှဉ်က ပြဿနာအသေးအဖွဲများကို မေ့မေ့ပျောက်ပျောက် သဘောထားတတ်သူဖြစ်သည်။

သေဆုံး

တာရက်ခ်သည် အငြိုးထားသော လူငယ်အုပ်စု၏ တိုက်ခိုက်မှုကြောင့် ယခုနှစ် ဇူလိုင်လဆန်းပိုင်းက ဓားဖြင့်ခုနစ်ချက် အထိုးခံရသော်လည်း သေကံမရောက်သက်မပျောက်ဘဲ မကြာသေးမီက ဆေးရုံမှ ဆင်းလာသူ တစ်ဦးဖြစ်သည်။ သူ၏ကံကြမ္မာ ဆိုးရွားမှုသည် ထိုမျှနှင့်ရပ်မနေသေးပေ။ ဓားထိုးခံရမှုကြောင့် ဆေးရုံမှဆင်းကာ ကျန်းမာကာစ တာရက်ခ်သည် ဇူလိုင် ၁၂ ရက်တွင် ရှက်ဖီးလ်ဒ်မြို့ စပီတယ်လ်လမ်းရှိ ဖရင်ချီဆံပင်ညှပ်ဆိုင်သို့သွားကာ ဆံပင် ညှပ်ခဲ့သည်။ တာရက်ခ်သွားရောက်ဆံပင် ညှပ်ရာ ဘန်ဂရီဗီအရပ်သည် ရာဇဝတ်မှု အများအပြားဖြစ်ပွားလေ့ရှိသည့် နာမည်ဆိုးဖြင့် ကျော်ကြားသည့်အရပ် ဖြစ်သည်။ ဆံပင်ညှပ်ပြီး ပြန်လာခဲ့စဉ် ထိုနေ့မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် ဆိုးသွမ်းလူငယ်နှစ်ဦး၏သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် ယင်းလမ်းထဲတွင် နေထိုင်သော အသက် ၇၂ အရွယ်ရှိ အီရီနီဘိုရင်းဆိုသူ အမျိုးသမီးကြီး၏ အိမ်ရှေ့တံခါးအနီးတွင် လဲကျသေဆုံးခဲ့ရသည်။

တာရက်ခ်သည် မိဘများအပေါ် ဆိုးသွမ်းသည့်သား မဟုတ်သော်လည်း လူငယ်ပီပီ မဟုတ်မခံစိတ် ရှိသောသူတစ်ဦးဖြစ်၊ ထို့ကြောင့်လည်း သူ၏ လူငယ်အုပ်စု ပတ်ဝန်းကျင်တွင် အဖုအထစ်ကလေးများ ရှိသူဖြစ်။

သေနတ်သံများ ကြားရသည့်အတွက် အီရီနီဘိုရင်းသည် တံခါးဖွင့်ကြည့်စဉ် သူ၏အိမ်ရှေ့တံခါးအနီး သွေးအိုင်ထဲတွင် လဲကျနေသော တာရက်ခ်အား တွေ့ခဲ့ရသည်ဟုဆိုသည်။ သူနာပြုဆရာမတစ်ဦး အလျင်အမြန်ရောက်ရှိလာပြီး ပါရဂူတစ်ဦး၏ ခွဲစိတ်ခန်းသို့ ပို့ဆောင်ခဲ့သော်လည်း ထိုသို့မပို့ဆောင်မီကပင် သေဆုံးနေပြီဖြစ်သည်ဟုထင်ကြောင်း အိမ်ရှင် အီရီနီဘိုရင်းကပြောကြားသည်။ ထို့အပြင် သေဆုံးသူ တာရက်ခ်အား သူမ ထွက်ကြည့်ချိန်တွင် အခင်းဖြစ်အရပ်မှ ဆန့်ကျင်ဘက်အရပ်သို့ ပြစ်မှုကျူးလွန်သူ လူငယ်နှစ်ဦးထွက်ပြေးသွားသည်ကို တွေ့ရကြောင်း သူမက ဆက်လက်ပြောကြားခဲ့သည်။

တာရက်ခ်သေဆုံးမှုနှင့် ပတ်သက်ပြီး ရဲတပ်ဖွဲ့က ပြစ်မှုကျူးလွန်သူ တရားခံများအား အပူတပြင်း လိုက်လံရှာဖွေဖမ်းဆီးလျက်ရှိသည်။ တာရက်ခ်၏ မိဘများမှာလည်း ငယ်ငယ်ရွယ်ရွယ်ဖြင့် မချိမဆန့် သေဆုံးခဲ့ရသော သားဖြစ်သူအတွက် ရင်ထုမနာ ဝမ်းနည်းပက်လက် ယူကျုံးမရ ခံစားခဲ့ရသည်။

သင်ခန်းစာယူဖွယ်

ဤဖြစ်ရပ်တွင် မဟုတ်မခံစိတ်ရှိသူ လူငယ်များသည် ဆိုးသွမ်းလူငယ်များ၏ ရန်ငြိုးထားအမျက်သိုမှုကို ခံကြရလေ့ရှိသည်။ ထို့ကြောင့် ဘဝတက်လမ်းရှာနေကြသော လူငယ်များအနေဖြင့် ဆိုးသွမ်းလူငယ်များနှင့် ပြဿနာမဖြစ်အောင် ရှောင်ကြဉ်သင့်ကြောင်း ယခုဖြစ်ရပ်က သက်သေပြခဲ့ပေပြီ။ ထို့ကြောင့် ရန်မီးပွားခဲ့မိသည်၏နောက်တွင် ဒွန်တွဲလိုက်ပါလာလေ့ရှိသော ဆိုးကျိုး၏ရလဒ်ကို မချိမဆန့်ခံစားခဲ့ရသော တာရက်ခ်ရှိုင်ဘော့ခ်၏ သင်ခန်းစာယူဖွယ်ရာဖြစ်ရပ်ကို ဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင် ကိုးကားရေးသားသည်

အာကာသသိပ္ပံ



ဒီဇိုင်းပုံစံအသစ် အာကာသယာဉ် ထုတ်လုပ်

ရုရှားနှင့်ဥရောပ အာကာသအေဂျင်စီတို့ ပူးပေါင်းကာ အာကာသယာဉ်ပုံစံသစ်**(ဝဲပုံ)**တစ်ခုကို ဇူလိုင် ၂၄ရက်တွင် ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း ရုရှားအာကာသ အေဂျင်စီက သတင်းထုတ်ပြန်သည်။

တင်ဆောင်ပျံသန်းနိုင်

အဆိုပါ အာကာသယာဉ်သစ်သည် ယခင်က အာကာသခရီးစဉ်များ၌ အသုံးပြုခဲ့သော ဆိုယုဇ်အာကာသယာဉ်နေရာတွင် အစားထိုးသုံးစွဲသွားမည်ဖြစ်သည်။ ၄င်းအာကာသယာဉ်သည် အာကာသယာဉ်မှူးခြောက်ဦးကို တင်ဆောင်ပျံသန်းနိုင်ပြီး အလေးချိန် တန် ၂၀ ရှိသည်။

ညင်သာ

ယခု တီထွင်ထားသည့် ဒီဇိုင်းပုံစံသစ် အာကာသယာဉ်သည် ဂြိုဟ်များ၏ မျက်နှာပြင်များပေါ်တွင် ဆင်းသက်ရာ၌ လွန်စွာ ညင်သာသည့်အပြင် လုံခြုံမှုလည်း အပြည့်အဝရှိသည်။

၄င်းအာကာသယာဉ်သစ်ကို ပထမဆုံး လဂြိုဟ်လေ့လာရေးခရီးစဉ်အဖြစ် စတင်ပျံသန်းမည် ဖြစ်ကြောင်းသိရသည်။

(အင်တာနက်)

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း မော်လ်ဒိုက်ဗ်နိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

၂၀၀၈ ခုနှစ် ဇူလိုင်၂၆ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၃)နှစ်မြောက် နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အဗ္ဗဒူလ်လာရှာဟစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

လုပ်ငန်းများလျာထားချက်နှင့်အညီ အချိန်မီပြီးစီးရေးကြိုးပမ်း သစ်တောရေးရာဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၂၅

သစ်တောရေးရာဝန်ကြီးဌာန၏ ပြည်နယ်နှင့်တိုင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် **(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာန ပြည်နယ်နှင့်တိုင်းတာဝန်ခံညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန တိုင်းတာဝန်ခံ ညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်တင်ပြ

ဒုတိယနေ့ အစည်းအဝေးကို ယနေ့တွင် ဆက်လက်ကျင်းပရာ မြန်မာ့သစ်လုပ်ငန်းမှ ပြည်နယ်နှင့်တိုင်းတာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက လုပ်ငန်းများ လျာထားချက်နှင့်အညီ အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ အမျိုးသားရေးတာဝန်အဖြစ် ဦးလည်မသုန်ထမ်းဆောင်ကြရန် နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ရှေ့ဖုံးမှ*

အဓိကပြည့်စုံရမည့် အချက်တစ်ခုဖြစ်ကြောင်း၊ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ အကောင်အထည်ဖော်နိုင်ရန် သဘာဝကပေးသည့် အရင်းအမြစ်များသည် နိုင်ငံတော်အတွက် အခြေခံအကျဆုံး အရင်းအမြစ်များ ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအများစု၏ စီးပွားရေး၊ လူနေမှုဘဝမြင့်မားတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့်လည်း အဖိုးတန်သယံဇာတများ ပေါကြွယ်ဝလှသည့် နိုင်ငံတော်၌ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ သယံဇာတများကို နိုင်ငံတော်အတွက် ရေရှည်တည်တံ့ခိုင်မြဲစွာ အသုံးချနိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ပညာရပ်ဆိုင်ရာအလိုက် အရည်အချင်း၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသော ပညာရှင်အဖွဲ့များ၏ အခန်းကဏ္ဍနှင့် ကြိုးပမ်းစွမ်းဆောင်မှုများသည် အလွန်အရေးကြီးလှကြောင်း။

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် စားနပ်ရိက္ခာမဖူလုံမှု၊ ရာသီဥတုပြောင်းလဲမှု၊ သီးနှံဈေးနှုန်းများ မြင့်တက်နေမှု စသည့်ပြဿနာများဖြင့် ရင်ဆိုင်နေရကြောင်း၊ ထို့အပြင် တွင်းထွက်လောင်စာဆီ ရှားပါးလာမှုကြောင့် ဇီဝစွမ်းအင်ထုတ်လုပ်သုံးစွဲရေးကို ဦးတည်ကြိုးပမ်းနေကြပြီဖြစ်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ စွမ်းဆောင်ရည် မြင့်မားတိုးတက်လာရေးသည် အဓိကကျလျက်ရှိသည်ဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ဂရုပြုဆောင်ရွက်

ယနေ့ခေတ်သည် သုတအခြေခံစိုက်ပျိုးရေးခေတ် (Knowledge. based Agriculture) ဖြစ်ကြောင်း၊ တိုးတက်လာနေသည့် လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံအောင် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ထုတ်လုပ်နိုင်ရေး သုတေသနလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း၊ လိုအပ်သည့် ဗဟုသုတ၊ နည်းပညာများကို အချိန်တိုအတွင်း ဆက်သွယ်ရှာဖွေ ရယူနိုင်သော ယနေ့သတင်းနည်းပညာ တိုးတက်နေချိန်တွင် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းကောင်းပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာတိုးတက်ပြောင်းလဲမှုဖြစ်စဉ်တွင် အမီယှဉ်တွဲလိုက်ပါနိုင်အောင် ခေတ်မီနည်းပညာ၊ အတတ်ပညာများကို ထိထိရောက်ရောက် ရယူအသုံးချနိုင်ရန် ကဏ္ဍအသီးသီးတွင် တက်ကြွစွာ စွမ်းဆောင်ကြရန် အထူးအရေးကြီးလှကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးနှင့် လူသားများကျန်းမာရေးအတွက် အန္တရာယ်မဖြစ်စေရေးကို ဂရုပြုဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဇီဝစွမ်းအင်ဖူလုံရေးကိုလည်း အခြားနိုင်ငံများနည်းတူ အလေးပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဤနေရာတွင် မြန်မာနိုင်ငံနှင့်သင့်လျော်သည့် ဇီဝစွမ်းအင်ထုတ်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်ရာ၌ စားသုံးသီးနှံများ ထုတ်လုပ်မှုနှင့် အရင်းအမြစ်များ ယှဉ်ပြိုင်သုံးစွဲမှုကြောင့် ထိခိုက်မှုမဖြစ်စေရေးကို သတိမူဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့အပြင် စားသုံးသီးနှံများနှင့် ပြိုင်ဆိုင်မှုမရှိသော သစ်တောထွက်ပစ္စည်းများနှင့် အဏ္ဏဝါပြင်မှရရှိသော ရေညှိရေမှော်ကဲ့သို့ ဇီဝစွမ်းအင်ထုတ်လုပ်နိုင်သည့် ဒြပ်ထု (Bio-mass)များကို အသုံးချနိုင်ရေးအတွက်လည်း သုတေသနပြုလုပ်သွားရန် လိုအပ်ကြောင်း။

ဦးတည်ချက်

ယနေ့ သတ္တမအကြိမ် သုတေသနညီလာခံကို ကျင်းပရသည့် အဓိက ဦးတည်ချက်နှစ်ရပ်မှာ နိုင်ငံတော်၏ သိပ္ပံနှင့်နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဝန်ကြီးဌာနအသီးသီးတွင်ရှိသည့် သုတေသနဌာနများ၊ တက္ကသိုလ်များမှ ဆောင်ရွက်တွေ့ရှိထားသည့် သုတေသနတွေ့ရှိချက် ရလဒ်များကို လယ်ယာ၊ သစ်တော၊ သားငါးကဏ္ဍများ၏ ကုန်ထုတ်လုပ်မှု လုပ်ငန်းများတွင် လက်တွေ့အသုံးချနိုင်ရန်တို့ပင်ဖြစ်ကြောင်း။

ဤသုတေသနညီလာခံ၌ သုတေသနစာတမ်းများကို တင်ပြဆွေးနွေးနေကြရုံဖြင့် မပြီးဘဲ တစ်ဆင့်တက်ပြီး ရလဒ်များကို လက်တွေ့နယ်ပယ်တွင် အမှန်တကယ် အသုံးချနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ကြရန်လည်း တိုက်တွန်းလိုကြောင်း၊ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံပိုင်ကဏ္ဍသာမက ပုဂ္ဂလိကကဏ္ဍကပါ ဟန်ချက်ညီ ပါဝင်လာရေးသည် အရေးကြီးလှကြောင်း။

မွမ်းမံပြင်ဆင်

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် စီးပွားရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေကြသည့် ပုဂ္ဂလိကကဏ္ဍ၏ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးရေးကို အားပေးလျက်ရှိနေခြင်းဖြစ်ကြောင်း၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကကဏ္ဍအနေဖြင့်လည်း မိမိတို့ရရှိထားသည့် သုတေသနရလဒ်များ၊ လက်တွေ့ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲ ပြဿနာများကို အပြန်အလှန်ဖလှယ်ခြင်း၊ လိုအပ်သလို ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်သွားမှသာ သုတေသနလုပ်ငန်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများက တွေ့ရှိ ဖြန့်ဖြူးပေးလိုက်သည့် သုတေသနတွေ့ရှိချက် ရလဒ်များကို လက်တွေ့ နယ်ပယ်တွင် သုံးစွဲရင်းဖြင့် တွေ့ကြုံရသည့် အခက်အခဲ၊ အဆိုးအကောင်းများကို ပြန်လည်သုံးသပ်ပြီး မွမ်းမံပြင်ဆင်မှုများ ဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

သုတေသန တွေ့ရှိချက်များကို လက်တွေ့နယ်ပယ်၌ အောင်မြင်စွာ အသုံးချနိုင်ရေးကိစ္စရပ်ကို မိမိကဏ္ဍအလိုက် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအနေဖြင့် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နှင့် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ရလဒ် အခြေခံသုတေသန (Result -oriented) ဖြစ်အောင် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း ရေရှည်စီမံပျိုးထောင်သွားရမည့် အရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ခေတ်မီနည်းပညာကျွမ်းကျင်သည့် ပညာရှင်များပြည့်စုံအောင် ဖြည့်ဆည်းနိုင်မှသာ ရေရှည်ဆောင်ရွက်ရသော သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးကို များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

မျိုးကောင်းမျိုးသန့်

စိုက်ပျိုးရေးကဏ္ဍအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် အဓိကသီးနှံ ၁၀မျိုး၏ ပန်းတိုင်အထွက်နှုန်းများရရှိနိုင်မည့်အထွက်ကောင်းမျိုးများ ထုတ်လုပ်နိုင်ရေး၊ မြေ၊ ရေသယံဇာတများ အကျိုးရှိစွာ ဖော်ထုတ်အသုံးချနိုင်ရေး၊ ခေတ်မီစိုက်ပျိုးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ပေါ်ထွန်းရေးတို့အပါအဝင် မြေပြုပြင်သည်မှ ရိတ်သိမ်းချိန်လွန်ကာလအထိ ထိရောက်သော နည်းပညာများ အသုံးချနိုင်မှသာ သီးနှံအထွက်ကို တိုးတက်စေသကဲ့သို့ သီးနှံ အရည်အသွေးကိုလည်း မြင့်မားလာစေမည်ဖြစ်သည့်အတွက် လိုအပ်သော သုတေသနလုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

သစ်တောကဏ္ဍ

သစ်တောကဏ္ဍအနေဖြင့်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေမြေ ရာသီဥတု သဘာဝမျှတရန်အတွက် သစ်တောသယံဇာတများ စနစ်တကျ ထုတ်လုပ်/ထိန်းသိမ်းရေး၊ ဇီဝမျိုးကွဲများ မပျက်သုဉ်းအောင် ပြုစုထိန်းသိမ်းရေး၊ ဂေဟစနစ်တည်တံ့ရေးတို့ကို ဦးတည်ပြီး သုတေသနလုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်တံ့ဖွံ့ဖြိုးအောင် ဆောင်ရွက်နေခြင်းသည် အနာဂတ်မြန်မာ့လူ့အဖွဲ့အစည်းအတွက် အမွေအနှစ်အဖြစ်သာမက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ပြီးဖြစ်ကြောင်း၊ မေလဆန်းက တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းက သဘာဝဒီရေတောများ၏ အရေးပါမှုကို ပေါ်လွင်ထင်ရှားစေခဲ့ကြောင်း၊ ဒီရေတောများ ပြန်လည်တည်ထောင်ခြင်း၊ ကာကွယ်ခြင်း၊ စနစ်တကျအသုံးချခြင်းလုပ်ငန်းများ၌ သုတေသနလုပ်ငန်းများ တိုးတက်ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ကြောင်း။

မွေးမြူရေးကဏ္ဍ

မွေးမြူရေးကဏ္ဍအနေဖြင့်လည်း မျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ရေး၊ ပွားများရေး၊ မွေးမြူထုတ်လုပ်ရေးဆိုင်ရာ ခေတ်မီနည်းပညာများ တိုးတက်လာရေး၊ မြန်မာ့အဏ္ဏဝါနှင့် ငါးပုစွန်သယံဇာတများ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးတို့ကို ဦးတည်ပြီး သုတေသနလုပ်ငန်းများကို ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ မွေးမြူရေးဆိုင်ရာ ထုပ်ပိုးမှု၊ ဖြန့်ဖြူးမှုနည်းစနစ်သစ်များ တိုးတက်လာရေး၊ စားသုံးသူများ အန္တရာယ်ကင်းရှင်းစေရေးကို အထောက်အကူဖြစ်စေမည့် နည်းပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ထွန်းလာရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရောဂါကာကွယ်ကုသရေးအပိုင်းတွင်လည်း ယနေ့ပြန့်ပွားနေသည့် ကြက်ငှက်တုပ်ကွေးရောဂါအပါအဝင် မိမိနိုင်ငံနှင့် ကိုက်ညီမည့် ဆေးဝါးနှင့် ကုထုံးများ ခေတ်မီတိုးတက်ရေး သုတေသနလုပ်ငန်းများလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သုတေသနပညာရှင်များနှင့် မွေးမြူထုတ်လုပ်သူများအကြား ပူးပေါင်းကူညီဆောင်ရွက်မှုများ တိုးတက်လာခြင်းဖြင့် အသားငါးကဏ္ဍ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားစေနိုင်မည်ဖြစ်ကြောင်း။

ကိုယ့်ခွန်ကိုယ့်အား

စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရှင်များ၏ ခေတ်မီနည်းပညာစွမ်းအား၊ လူ့စွမ်းအား အရင်းအမြစ်၊ သုတေသနလုပ်ငန်း၏ တိုးတက်မှုအခြေအနေ၊ ပုဂ္ဂလိကကဏ္ဍ၏ တက်ကြွစွာ ပါဝင်မှု၊ နိုင်ငံတော်၏ အားပေးကူညီမှုတို့ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးစားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် မှာကြားလိုသည်မှာ ယနေ့အချိန်အခါတွင် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ငြိမ်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အတွက် နိုင်ငံသားတိုင်းက မိမိတို့ကျရာအခန်းကဏ္ဍက ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြကြောင်း၊ ပညာရှင်ကြီးများအနေဖြင့်-

- **စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍများသည် နိုင်ငံ၏ အဓိကစီးပွားရေး ကဏ္ဍများဖြစ်သကဲ့သို့ နိုင်ငံ့ရိက္ခာဖူလုံရေးသာမကပြည်သူများအတွက် ကျန်းမာရေးနှင့် ညီညွတ်သော စားနပ်ရိက္ခာ ထုတ်လုပ်ရေး၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရက္ခနှင့် ဇီဝမျိုးစုံ မျိုးကွဲများထိန်းသိမ်းရေး၊ ဂေဟစနစ်မပျက်ယွင်းစေရအောင် ထိန်းသိမ်းကာကွယ်ရေး စသည်များကို ထိန်းညှိလျက် နိုင်ငံတကာတွင်ဖြစ်ထွန်းနေသည့် အရည်အသွေးမြင့်မားသော နည်းပညာများကိုကဏ္ဍအသီးသီးတွင် လိုက်လျောညီစွာ ထိထိရောက်ရောက် အသုံးပြုနိုင်ရေးကြိုးပမ်းဆောင်ရွက်ပေးကြပါ။**
- **နိုင်ငံတော်၏ လယ်ယာ၊ သား၊ ငါးနှင့် သစ်တောသယံဇာတများကို ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်ပြီး အမျိုးသားအကျိုးစီးပွားအတွက် ထိုက်ထိုက်တန်တန် အကျိုးရှိရှိ ရေရှည်တည်တံ့စွာသုံးစွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြပါ။**
- **အသိပညာရှင်၊ အတတ်ပညာရှင်မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်လာရေးအတွက် အစီအမံများ စနစ်တကျချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်ပေးကြပါ**

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပညာရှင်အဖွဲ့ အတွင်းရေးမှူး ဦးတင်ထွဋ်ဦးက ကျေးဇူးတင်စကားပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်တို့သည် ပညာရှင်အဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ဝန်ကြီးများနှင့် ဧည့်သည်များသည် ခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသော ပညာရှင်အဖွဲ့၏ လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ နှစ်ပတ်လည် သုတေသနညီလာခံစာအုပ်များ၊ အလုပ်ရုံဆွေးနွေးပွဲမှတ်တမ်းစာအုပ်များ၊ အထူးထုတ်ဂျာနယ်များ၊ စိုက်ပျိုးရေးပညာရပ်ဆိုင်ရာ စာအုပ်များနှင့် နှစ်ပတ်လည်အစည်းအဝေး အစီရင်ခံစာ စာအုပ်များကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ညီလာခံ၏ ကဏ္ဍအလိုက် စာတမ်းဖတ်ကြားပွဲများကို သုံးနေရာခွဲ၍ ကျင်းပရာ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ စာတမ်း၂၃စောင်ကို နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ်၌လည်းကောင်း၊ သစ်တောကဏ္ဍဆိုင်ရာ စာတမ်း ၁၁စောင်ကို နေပြည်တော် ရေဆင်းရှိ သစ်တောသုတေသနဌာန၌လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍဆိုင်ရာ စာတမ်း ၁၈စောင်ကို နေပြည်တော် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌လည်းကောင်း ကျင်းပကြပြီး အဆိုပါညီလာခံ၏ စာတမ်းဖတ်ကြားပွဲများကို ဇူလိုင် ၂၇ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ချမ်းမြေ့မြိုင်ရိပ်သာကျောင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၂၅

မင်္ဂလာဒုံမြို့နယ် လေးဒေါင့်ကန် စံပြကျေးရွာ ချမ်းမြေ့မြိုင်ရိပ်သာကျောင်း၌ ၁၃၇၀ ပြည့်နှစ် ဝါတွင်း၌ ပရိယတ်၊ ပဋိပတ် သာသနာ့တာဝန် နှစ်ရပ်ကို ထမ်းဆောင်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဘောဇနဂုဏ်ရည်ကျောင်း ဒါယကာ ဗိုလ်ကြီးဝင်းသန်း(ငြိမ်း)-ဗိုလ်မှူးဒေါက်တာခင်သီတာအောင် မိသားစုက မတည်၍ ချမ်းမြေ့မြိုင်ဝေယျာဝစ္စအဖွဲ့က ဦးဆောင်ပြီး ဝါဆိုလပြည့်ကျော် ၁၀ရက် (ဇူလိုင်၂၇ရက်) တနင်္ဂနွေနေ့ နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကိုယ်တိုင် သင်္ကန်းများ ဆက်ကပ်လှူဒါန်းနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်တွင် တည်ထားကိုးကွယ်သော လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဓမ္မစကြာအခါတော်နေ့ မင်္ဂလာအခမ်းအနားကို ဇူလိုင်၁၇ရက် (ဝါဆိုလပြည့်နေ့) က အဆိုပါကုန်းတော်ပေါ်၌ ကျင်းပရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေကျော်နှင့် အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမြင့်ကြည်နှင့် သာသနာရေးဆိုင်ရာ ညွှန်ကြားရေးမှူးများ၊ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝတ်ရွတ်အဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြစဉ်။ (က-ပ)

လေဘေးသင့်ပြည်သူများအား ကုသရန် အထူးကုဆရာဝန်ကြီးများအဖွဲ့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၅

ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိသည့် လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ကွင်းဆင်းကုသရေးအဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၇နာရီက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာအထူးကုဌာန ကျန်းမာရေးဝန်ကြီးဌာန ယာယီကွပ်ကဲမှုဌာနစုရပ်မှ မော်တော်ယာဉ်များဖြင့် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်နှင့် လပွတ္တာမြို့နယ်များသို့ စတင်ထွက်ခွာသွားကြသည်။

အားပေးနှုတ်ဆက်

အဆိုပါ ကွင်းဆင်းကုသရေးအဖွဲ့ဝင်များအား ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်နှင့် တာဝန်ရှိသူများက လိုအပ်သောဆေးနှင့် ဆေးပစ္စည်းကိရိယာများ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြား၍ အားပေးနှုတ်ဆက်ကြသည်။

ဘိုကလေးမြို့နယ်သို့ သွားရောက်မည့် ကွင်းဆင်းကုသရေးအဖွဲ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ သမားတော် ဒေါက်တာသက်နွယ်ဦး ဦးဆောင်၍ ကလေးအထူးကုဆရာဝန်၊ သားဖွားမီးယပ် အထူးကုဆရာဝန်၊ ခွဲစိတ်အထူးကု ဆရာဝန်နှင့် မေ့ဆေးအထူးကုဆရာဝန်၊ လက်ထောက်ဆရာဝန်နှင့် အလုပ်သင်ဆရာဝန်၊ သူနာပြုများ ၁၄ဦးပါဝင်ကြပြီး လပွတ္တာမြို့နယ်သို့ သွားရောက်မည့် ကွင်းဆင်းကုသရေးအဖွဲ့တွင် မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးမှ သမားတော် ဒေါက်တာအေးအေးစမ်း ဦးဆောင်၍ ခွဲစိတ်အထူးကုဆရာဝန်၊ ကလေးအထူးကုဆရာဝန်၊ မေ့ဆေးဆရာဝန်နှင့် လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ သူနာပြုများ အဖွဲ့ဝင်၁၁ဦး ပါဝင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၁၆)ကြိမ်မြောက်
မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

တောင်ကြီးမြို့နေ ဒေါ်ချိုချိုနှင့် သားသမီးမြေးတစ်စုက ဒဂုံမြို့နယ် အမှတ်၁၂ စကားဝါလမ်း မင်းကွန်း တိပိဋကဆရာတော်ကြီး၏ စစ်ကိုင်း-မင်းကွန်း ကားလမ်း အတွက် အလှူငွေ ကျပ်တစ်သိန်းတစ်သောင်းကို နာယက ဆရာတော် ဘဒ္ဒန္တဝံသပါလာ လင်္ကာရထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သက်သာပန်းတောင်း ရွှေရင်အေးစေတီတော် သာသနိက အဆောက်အအုံများပြုပြင်ရန် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် သမိုင်းဝင် သက်သာပန်းတောင်း ရွှေရင်အေး စေတီတော်မြတ်ကြီးတွင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးယိုယွင်းသော သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရန်အတွက် The Dharma Drum Mountain Social Welfare and Charity Foundation နှင့် အလှူရှင်များမှ ဆောက်လုပ်ရေးပစ္စည်းများနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၂ရက် နံနက် ၉နာရီက အဆိုပါ ရွှေရင်အေးစေတီတော်မြောက်ဘက် အာရုံခံတန်ဆောင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဝင် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဖာကူဆန် တရုတ် (တိုင်ပေ) ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့မှ အမိုးသွပ်အချပ် ၄၂၀နှင့် ငါးမူးလုံးဆောက်လုပ်ရေးသံချောင်း နှစ်တန် စုစုပေါင်း တန်ဖိုးငွေကျပ် ၅၂သိန်းတိတိနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရွှေမိသားစုက အလှူငွေကျပ်၄၅၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ (အပေါ်ပုံ) မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့် ဂေါပကဥက္ကဋ္ဌ ဦးကျော်ရွှေတို့က လက်ခံယူသည်။ (ဝ၉၇)

မုန်တိုင်းသင့်မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာများအတွက် ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၂၅

မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာများအတွက် မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်ကြီးမှ မတည်ငွေထည့်ဝင်၍ လှူဒါန်းမှုပြုလုပ်သွားမည်ဖြစ်သည်။

ခွဲဝေလှူဒါန်း

မုန်တိုင်းဒဏ် ကင်းလွတ်ကြသော မြန်မာပြည်အရပ်ရပ်မှ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲများနှင့် မိုးကုတ်ယောဂီများ၏ ပါဝင်လှူဒါန်းငွေများဖြင့် အဖွဲ့ချုပ်ကြီးတွင် နာယက ဆရာတော်ကြီးများ ပင့်ဖိတ်၍ လေဘေးဒဏ် ခံရသောအဖွဲ့ခွဲများမှ ကိုယ်စားလှယ်များ၊ အလှူရှင်များ၏ စုပေါင်းပါဝင်ငွေနှင့် ပစ္စည်းများကို ခွဲဝေလှူဒါန်းသွားမည်ဖြစ်သည်။

သို့ဖြစ်၍ လေဘေးဒဏ်ကင်းလွတ်သော အဖွဲ့ခွဲများအနေနှင့်ဖြစ်စေ၊ မိုးကုတ်ယောဂီတစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ပါဝင်လှူဒါန်းကြပါရန်နှင့် လှူဒါန်းပွဲကို ယခုလကုန်ကျင်းပနိုင်ရန်အတွက် လှူဒါန်းမှုအစုစုကို ဇူလိုင်၂၇ရက် နောက်ဆုံးထား၍ အဖွဲ့ချုပ်သို့ ပေးပို့ကြပါရန်နှင့် အသေးစိတ်သိလိုပါက အဖွဲ့ချုပ် ဖုန်း-၀၁-၅၄၁၈၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ် မြောက်ရေးကော်မတီ ရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး) တွင် အမှတ်၇ သမာဓိ ၃ လမ်းဆ/ကရပ်ကွက်ကျိုက္ကဆံ နေ ဒေါက်တာ ခင်လေးမြင့်အား ရည်စူး၍ ရွှေဖြူတိုင်းရင်းဆေးဆရာကြီး ဦးဘုန်းကြူ အသက်(၈၀) ပြည့်မွေးနေ့အလှူအဖြစ် ငွေကျပ်တစ်သိန်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လေဘေးသင့် ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၅

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေကိုယ်စား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက လက်ခံသည်။

ဇူလိုင် ၂၃ရက်တွင် လှူဒါန်းကြသော အလှူရှင်များမှာ ဗိုလ်မှူးကြီးတင်ရွှေ(ငြိမ်း)နှင့် ဒေါ်ငွေယဉ်မိသားစု (ပဲခူးကလပ်ရိပ်သာ ပြည်လမ်း ရန်ကုန်မြို့)က ငွေကျပ်တစ်သိန်း၊ ကောင်းမြတ်ကုမ္ပဏီဝန်ထမ်းများက ငွေကျပ်နှစ်သိန်း၊ ဦးမောင်မောင်နှင့် ဒေါ်ခင်ခင်ကြီးမိသားစု ပါရမီ(မရမ်းကုန်းမြို့နယ်)က ဓာတ်မြေဩဇာ နှစ်အိတ်အတွက် ငွေကျပ် ၃၆၀၀၀ တို့ ဖြစ်သည်။

ဇူလိုင် ၂၄ရက်တွင် လှူဒါန်းကြသော အလှူရှင်များမှာ ဦးတင်ရှိန်အား ရည်စူး၍ ဇနီး ဒေါ်ကြည်ကြည်နှင့် သားသမီး၊မြေးမိသားစုက လူနေအိမ်တစ်လုံးအတွက် ငွေကျပ် ခြောက်သိန်း၊ U Kyaw Naing Oo & Friends Confectionery Kualalumpu, Malaysia က ငွေကျပ်နှစ်သိန်း၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်က ငွေကျပ် ၆၅၁၂၉၀၀၀၊ Mr.Mamoj Ghopra & Mr. Poola, U.S.Aက လူနေအိမ်တစ်လုံးအတွက် ငွေကျပ် ခြောက်သိန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ အလှူရှင်များက အမေရိကန်ဒေါ်လာ ၃၀၀တို့ ဖြစ်သည်။ ဇူလိုင် ၂၃ရက်နှင့် ၂၄ရက်များတွင် လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၂၃၈၄၆၅၀၀၀နှင့် အမေရိကန်ဒေါ်လာ ၃၀၀တို့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စည်းလုံးညီညာ - အောင်ကြောင်းဖြာ

လှိုင်အောင်

"စည်းလုံးညီညာ-အောင်ကြောင်းဖြာ" ဆိုတဲ့ စကားပုံလေးဟာ မြန်မာနိုင်ငံမှာ အခုဖြစ်ခဲ့တဲ့ နာဂစ်မုန်တိုင်းအပေါ် မြန်မာပြည်သူ တစ်ရပ်လုံးက စည်းစည်းလုံးလုံး တုံ့ပြန်ခဲ့မှုကို ထင်ဟပ်နေသလိုပါပဲ။ မြန်မာတွေဟာ တကယ်အရေးအကြောင်း ရှိလာပြီဆိုတဲ့အခါ တစ်ကမ္ဘာလုံးက အံ့သြရလောက်အောင် အင်တိုက်အားတိုက် ညီညီညွတ်ညွတ်နဲ့ ဝိုင်းကြ၊ ဝန်းကြ၊ ကူညီလိုက်ကြတာ တကယ့်ကို ပြောစမှတ်ပြု မှတ်တမ်းတင်ထိုက်ပါပေတယ်။

နာဂစ်မုန်တိုင်းဘေးဒဏ်ကို အပြင်းထန်ဆုံး ခံစားခဲ့ကြရတဲ့ ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်းက ပြည်သူတွေဟာ ကိုယ်နဲ့ ယခင်ကလည်း မသိကျွမ်း၊ ဆွေမျိုးသားချင်းလည်း နီးနီးကပ်ကပ် မတော်စပ်ကြတာ တောင်မှ တကယ့်ကို မိမိတို့ရဲ့ ဆွေမျိုးသားချင်းအရင်းတွေ ဒုက္ခခံစားနေကြရသလို သဘောထားပြီး ပစ္စည်းတတ်နိုင်တဲ့သူက ပစ္စည်းနဲ့၊ ငွေတတ်နိုင်တဲ့သူက ငွေအားနဲ့၊ လုပ်အားတတ်နိုင်တဲ့သူက လုပ်အားနဲ့၊ ကျွမ်းကျင်မှုအတတ်ပညာရှိသူတွေက ပညာအားနဲ့၊ အနုပညာသမားတွေကလည်း အနုပညာနဲ့ တစ်ပြည်လုံးမှာရှိတဲ့ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပြည်သူတစ်ရပ်လုံးက အင်တိုက်အားတိုက် ကူညီခဲ့ကြတာပါ။

အရပ်ဒေသအရ ကြည့်မယ်ဆိုရင်လည်း မြန်မာပြည် တစ်နံတစ်လျားမြောက်ဘက်အဖျားဆုံး ကချင်ပြည်နယ်ကနေ တောင်ဘက်အစွန်ဆုံး တနင်္သာရီတိုင်းအထိ၊ အနောက်ဘက်အဖျား ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်ကနေ အရှေ့ဘက်အစွန်ဆုံး ရှမ်းပြည်နယ်(အရှေ့ပိုင်း)အထိ နေထိုင်ကြတဲ့ မြန်မာပြည်သူတစ်ရပ်လုံးက ငွေကြေး၊ ဒေသထွက် စားစရာတို့နဲ့သာမက လုပ်အား ပေးလှူနိုင်တဲ့ လူမှုရေးအဖွဲ့အစည်းဝင်တွေကပါ လုပ်အားနဲ့ ကူညီကြတာ ဖြစ်ပါတယ်။

တိုင်းရင်းသား လူမျိုးစုတွေအရဆိုရင်လည်း ဒီအချိန်မှာ ငါက ကချင်၊ သူက ကရင်၊ ငါတို့က မွန်၊ သူတို့က ဗမာဆိုပြီး ဘာမှ တစ်စုံတစ်ရာ မခွဲခြားဘဲ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားအားလုံးက တစ်သွေးတည်း တစ်သားတည်းပဲဆိုတဲ့ စိတ်ဓာတ်၊ ညီရင်းအစ်ကိုစိတ်ဓာတ်တွေနဲ့ ပေးဆပ်ကူညီခဲ့ကြတာဖြစ်ပါတယ်။

အလုပ်အကိုင်အရဆိုရင်လည်း စစ်သား၊ အရပ်သား၊ ဝန်ထမ်း၊ ကုန်သည်၊ လယ်သမား၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ ဈေးရောင်းသူ ခေါင်းရွက်ဗျပ်ထိုးတွေပါမကျန် အလွှာစုံ၊ အလုပ်အကိုင်မျိုးစုံက ကိုယ်တတ်နိုင်သမျှအားနဲ့ သိုင်းကြ၊ ဝိုင်းကြ ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ ဒီအထဲမှာ အနုပညာရှင်တွေကလည်း တစ်တပ်တစ်အား၊ စာပေ သတင်းမီဒီယာတွေကလည်း မရပ်မနား ငွေအား၊ ပညာအားတွေနဲ့ ကူညီခဲ့ကြတာ တွေ့ရပါတယ်။ ဇာတ်သဘင်ပညာရှင်တွေကဆိုရင် 'ကသော လက်ဖြင့် လှူကြမည်' တဲ့။ အင်မတန်လှပပြီး အနုပညာဆန်သလောက် အဓိပ္ပာယ်ပြည့်ဝတဲ့ စာသားကလေးပါ။ အဲဒီ စာသားလေးအတိုင်းပဲ အပြောနဲ့အလုပ်ညီစွာ အနုပညာမောင်နှမတွေ မန္တလေးကနေ ရန်ကုန်အထိ မမောနိုင် မပန်းနိုင် ကပြဖျော်ဖြေ၊ အလှူခံငွေဖလားတွေနဲ့ ကိုယ်တိုင်အလှူငွေတွေကောက်ခံပြီး မမောနိုင် မပန်းနိုင် ကြိုးစားခဲ့ကြတာ မြင်ရ၊ ကြားရတော့ ဝမ်းသာပီတိဖြစ်ကြရပါတယ်။ "သူတို့ ဒီလိုဖြစ်ကြရတာကို ဝမ်းမသာပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့ ကူညီခွင့်ရတာကိုတော့ ဝမ်းသာပါတယ်။ ပြည်သူတွေဟာ ကျွန်တော်တို့ရဲ့ ထမင်းရှင်၊ ကျေးဇူးရှင်တွေဖြစ်တာမို့ သူတို့ဒုက္ခရောက်တဲ့အချိန်မှာ ကျွန်တော်တို့က ပြန်ပြီး ကူညီရမှာပါ" လို့ ဇာတ်မင်းသားလေးဖိုးချစ်ပြောတဲ့စကားကို ကြားရလို့ ပိုပြီးပီတိဖြစ်မိရပါတယ်။ ခေတ်သစ်၊ ကာလပေါ်တေးသံရှင်တွေရဲ့ ကရုဏာသံစဉ် ခရီးစဉ်ဆိုရင်လည်း ဒီအတိုင်းပဲ တွေ့ရပါတယ်။

ဝန်ထမ်းတွေအပိုင်းမှာလည်း အတူတူပါပဲ။ ကိုယ့်အိမ်မှာ အမိုးလန်၊ ထရံပွင့်ထွက်နေတာကိုတောင်မှ ဂရုမစိုက်နိုင်ဘဲ မုန်တိုင်းဒဏ်သင့်လို့ အရေးပေါ် ထိခိုက်ဒဏ်ရာရ၊ ဖျားနာနေကြတဲ့လူနာတွေကို နေ့မအား ညမနား နံနက်စာနဲ့ ညစာပေါင်းစားဖို့တောင်မှ မနားနိုင်လောက်အောင် ပြုစုကုသပေးခဲ့ကြတဲ့ မုန်တိုင်းဒဏ်ခံဒေသက ကျန်းမာရေးဝန်ထမ်းတွေ၊ ကိုယ့်တပ်ထဲမှာ အဆောက်အအုံတွေ လဲပြိုပျက်စီးနေတာကို ပစ်ထားခဲ့ပြီး လေဘေးကြောင့် ပြိုလဲပိတ်ဆို့နေတဲ့ သစ်ပင်ကြီးတွေကို မိုးလင်းကမိုးချုပ် ခုတ်ထွင်ရှင်းလင်း လုပ်အားပေးခဲ့ကြတဲ့ တပ်မတော်သားတွေ၊ စည်ပင်သာယာဝန်ထမ်းတွေ၊ မြန်မာတစ်ပြည်လုံးကနေ မိသားစုကိုပစ်ထားပြီး လေဘေးကြောင့် ပြိုလဲပျက်စီးခဲ့တဲ့ လျှပ်စစ်ဓာတ်မီးတိုင်တွေကို နေ့ရောညပါ ပြန်လည်စိုက်ထူ သွယ်တန်းပေးခဲ့ကြတဲ့ လျှပ်စစ်ဝန်ထမ်းတွေ၊ ပြောမယ်ဆိုရင်တော့ အများကြီးမို့ ဆုံးနိုင်မှာမဟုတ်လို့ ဝန်ထမ်းအားလုံးဟာ နာဂစ်အရေးမှာ တာဝန်ကျေရုံမဟုတ်ဘဲ စေတနာပါ ပုံထည့်ပြီး ကြိုးစားကူညီခဲ့ကြတာ အားလုံးအမြင်ပါပဲ။

နာဂစ်မုန်တိုင်းဘေး ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေမှာ ကိုယ်တတ်နိုင်တဲ့အတိုင်းအတာအလျောက် သဒ္ဓါတရား ထက်သန်စွာ ပါဝင်လှူဒါန်းခဲ့ကြတဲ့ စေတနာရှင်တွေအားလုံးကိုလည်း အသိအမှတ်ပြုရမှာပါ။ ရေခဲချောင်းရောင်းတဲ့သူတွေကနေ အင်အား အတောင့်တင်းဆုံး ကုမ္ပဏီလုပ်ငန်းကြီးတွေအထိ မနေအင်အားအဆင့် အသီးသီးက အလှူရှင်တွေဟာ စေတနာဖြူဖြူစင်စင်နဲ့ ငွေကျပ်ငါးဆယ်၊ တစ်ရာက စပြီး သိန်းပေါင်းထောင်နဲ့ချီတဲ့အထိ ပါဝင်လှူဒါန်းခဲ့ကြတာ တွေ့ရပါတယ်။ ပစ္စည်းအားဖြင့်ဆိုရင်လည်း သွားတိုက်ဆေး၊ ဆပ်ပြာ၊ ခေါက်ဆွဲထုပ်ကစပြီး နေစရာအိမ် အလုံးလိုက် ဆောက်လုပ်လှူဒါန်းတဲ့အထိ အမျိုးမျိုး ပါဝင်ခဲ့ကြပါတယ်။ ဒီအထဲမှာ ကိုယ်တိုင်လည်းလှူ၊ သူများကိုလည်း လှူနိုင်အောင် ဈေးလျှော့ပြီး ကုန်ပစ္စည်းတွေ ရောင်းချပေးတဲ့ အဝတ်အထည်ချုပ်လုပ်တဲ့ လုပ်ငန်းပိုင်ရှင်တွေ၊ စာအုပ်နဲ့စာရေးကိရိယာဆိုင်ပိုင်ရှင်တွေ စသည်ဖြင့် အတ္တဟိတထက် ပရဟိတကို ဦးစားပေးခဲ့ကြတဲ့ စေတနာရှင်တွေလည်း ရှိပါတယ်။ အလားတူ ဥပဒေဘောင်အတွင်းကို ဝင်ရောက်လာကြတဲ့ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များကလည်း စိတ်အားထက်သန်စွာ ဒါနအလှူပါဝင်ခဲ့ကြတာ မနည်းလှပါဘူး။

အထူးသဖြင့်ကတော့ လေဘေးသင့်တဲ့အချိန်ကတည်းက ကယ်ဆယ်ရေးလုပ်ငန်းတွေ၊ ရှင်းလင်းရေးလုပ်ငန်းတွေ၊ ပြန်လည်ထူထောင်ရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေမှာ စွမ်းစွမ်းတမံ ပါဝင်လုပ်ဆောင်ခဲ့ကြတဲ့ ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီကြီးတွေကိုတော့ တကယ်ပဲ ချီးမွမ်းသင့်ပါတယ်။

မုန်တိုင်းသင့်ခံရတဲ့ ပြည်သူတွေ ရေသောက်ဖို့၊ အစာစားဖို့ကစပြီး နေအိမ်၊ စာသင်ကျောင်း၊ မျိုးစပါးနဲ့ လက်တွန်းထွန်စက်တွေအထိ အသေးစိတ် ကူညီတာဝန်ယူ ဆောင်ရွက်ပေးခဲ့တာတွေ၊ လဲကျသစ်ပင်ကြီးတွေနဲ့ ပိတ်ဆို့နေတဲ့ ရန်ကုန်မြို့ကြီးကလမ်းတွေကို စက်ယန္တရားအားနဲ့ ကူညီရှင်းလင်းပေးခဲ့တာတွေဟာ အမှန်တကယ်ထိရောက်ပြီး အကျိုးရှိစေခဲ့တာ ဖြစ်ပါတယ်။ ပြောရမယ်ဆိုရင် ဒီကုမ္ပဏီကြီးတွေထဲက တချို့ဟာ အနောက်အုပ်စုက ပိတ်ဆို့တဲ့စာရင်းထဲမှာပါနေတဲ့ ကုမ္ပဏီတွေပါ။ ဒီလို ပိတ်ဆို့မှု အခက်အခဲတွေကြားထဲကပဲ အင်မတန်ကြီးမားတဲ့ ငွေကြေးတန်ဖိုး ပမာဏတွေကို စိုက်ထုတ်ကျခံပြီး လှူဒါန်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါဟာသူတို့ရဲ့ နိုင်ငံချစ်စိတ်တွေကို လက်တွေ့ဖော်ထုတ်ပြသခဲ့တာပဲလို့ မြင်မိပါတယ်။ ဒီအရေးကိစ္စမှာ ဆင်းရဲချမ်းသာမရွေး အမျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိကြောင်း သက်သေပြနိုင်ခဲ့ပါပြီ။

နောက်ထပ် အလေးအမြတ်ပြုသင့်တဲ့ အချက်ကတော့ ကိုးကွယ်ယုံကြည်ရာ ဘာသာအသီးသီးက အသင်းအဖွဲ့တွေ ဦးဆောင်ဦးရွက်ပြုနေတဲ့ ပုဂ္ဂိုလ်တွေ၊ ဆရာတော်ကြီးတွေ အများအပြားက ကယ်ဆယ်ထောက်ပံ့ရေးအတွက် ဦးဆောင်စည်းရုံးစီမံ ဆောင်ရွက်ပေးခဲ့ကြတာပါပဲ။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတွေဖြစ်ကြတဲ့ သီတဂူဆရာတော်ကြီး၊ ဓမ္မစေတီဆရာတော် အရှင်ကောသလ္လ၊ ဓမ္မဒူတအရှင်ဆေကိန္ဒ၊ ပါရီဗုဒ္ဓကျောင်းတော် သာသနာပြုဆရာတော်၊ ကိုးဘွဲ့ရဆရာတော်၊ ဆရာတော်မေတ္တာရှင် (ရွှေပြည်သာ)စတဲ့ ဓမ္မကထိကအကျော်အမော် ဆရာတော်တွေကိုယ်တိုင် ဖြဟ္မစိုရ်တရားတွေ လက်ကိုင်ထားပြီး ကိုယ်တိုင် အပင်ပန်းခံ အလှူခံ ပို့ဆောင် စီမံပေးတော်မူခဲ့ကြပါတယ်။ ခရစ်ယာန်ဘာသာမှာလည်း နှစ်ခြင်းအသင်းတော်၊ ကက်သလစ်အသင်းတော်တွေက ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းတွေမှာ တက်တက်ကြွကြွပါဝင်ခဲ့ကြသလို အစ္စလမ် ဘာသာဝင်တွေရဲ့ မွတ်စလင်မ် သာရေးနာရေးအသင်းတွေ၊ အဖွဲ့အစည်းတွေ၊ ဟိန္ဒူဘာသာဝင်တွေနဲ့ ဟိန္ဒူဘာသာရေး အဖွဲ့အစည်းတွေကလည်း တစ်တပ်တစ်အား ပါဝင်လှူဒါန်းဆောင်ရွက်ခဲ့ကြပါတယ်။ နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်ကြီးတွေကိုယ်တိုင် အန္တရာယ်ကင်း မေတ္တာသုတ် ပရိတ်တရားတော်တွေကို လေဘေးသင့် ဒေသတစ်ခုလုံး လွှမ်းခြုံပြီး ရဟတ်ယာဉ်တွေနဲ့သွားကာ ပွားများရွတ်ဆို ချီးမြှင့်ပေးတော်မူခဲ့ကြသလို ဘာသာအားလုံးရဲ့ ဆုတောင်းပွဲတွေ၊ တရားဓမ္မဟောပြောမှုတွေနဲ့ လေဘေးသင့်ပြည်သူတွေရဲ့ စိတ်ပိုင်းဆိုင်ရာ ဆောက်တည်ဖြေသိမ့်ရာအတွက် အထောက်အကူပေးခဲ့ကြပါတယ်။ ဒီလုပ်ရပ်တွေဟာလည်း မြန်မာနိုင်ငံမှာ ဘာသာရေးအရ စိတ်ဝမ်းကွဲပြားမှုမရှိဘဲ အားလုံး ညီညီညွတ်ညွတ် သဟဇာတဖြစ်စွာ ကိုးကွယ်နေထိုင်ကြတယ်ဆိုတဲ့ ပြယုဂ်တစ်ခုပဲ ဖြစ်ပါတယ်။

နောက်တစ်ခု **ထင်ထင်ရှားရှား တွေ့မြင်နိုင်တာကတော့ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ရဲ့ စည်းလုံးညီညွတ်မှုပါပဲ။ လေဘေးသင့်ခဲ့တုန်းက မုန်တိုင်းတောင်မှ မစဲသေးခင်မှာ နိုင်ငံတော်အကြီးအကဲနဲ့တကွ တာဝန်ရှိတဲ့ခေါင်းဆောင်တွေအားလုံးဟာ ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးအတွက် စပြီး စီမံဆောင်ရွက်လှုပ်ရှားနေခဲ့ကြပြီဖြစ်ပါတယ်။ မုန်တိုင်းကာလ နောက်ပိုင်းမှာလည်း အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် လေဘေးသင့်ဒေသတွေမှာ အချိန်အများဆုံး အခြေပြုနေထိုင်ကွပ်ကဲနေခဲ့သလို နိုင်ငံတော်အကြီးအကဲနဲ့ ဒုတိယအကြီးအကဲတို့ကိုယ်တိုင်လည်း လေဘေးသင့်ဒေသတွေမှာ အသေးစိတ် အချိန်ယူ လှည့်လည်စစ်ဆေးပြီး လိုအပ်သမျှကို ဖြည့်ဆည်းညွှန်ကြားပေးခဲ့တာပါ။ အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေဆိုရင်လည်း လေဘေးသင့် မြို့နယ်တစ်ခုမှာ တာဝန်ခံဝန်ကြီးတစ်ဦး တာဝန်ယူပြီး ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးကို ဦးစီးကြီးကြပ်ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။**

ငွေကြေးအားဖြင့် ဆိုရင်လည်း နိုင်ငံတော်အပိုင်းက ထောက်ပံ့ဖြည့်ဆည်း ကူညီပေးခဲ့တဲ့ တန်ဖိုးပမာဏဟာ ငွေကျပ်သန်းပေါင်း သောင်းနဲ့ချီပြီးတော့ ကြီးမားတဲ့ ပမာဏဖြစ်ပါတယ်။ ဒါတွေဟာ မိဘသဖွယ်ဖြစ်တဲ့ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူပြည်သားတွေအပေါ် ရင်နှစ်သည်းချာ သားသမီးတွေလို သဘောထားစောင့်ရှောက်နေတာကို ထင်ထင်ရှားရှားပြဆိုနေတဲ့ သာဓကတွေပါပဲ။ ဒီလို **နိုင်ငံတော်အစိုးရက ပြည်သူတွေအပေါ် မေတ္တာကရုဏာအပြည့်နဲ့ ကြည့်ရှုစောင့်ရှောက်ခဲ့တာကို ခံစားနားလည်သဘောပေါက်ကြတဲ့ ပြည်သူတွေအနေနဲ့လည်း တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုတာလို နိုင်ငံတော်အကြီးအကဲနဲ့တကွ ဌာနဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့အစည်းအဆင့်ဆင့်က တာဝန်ရှိသူတွေအားလုံးအပေါ်မှာ ချစ်ခင်လေးစားအားကိုးမှုများနဲ့ တုံ့ပြန်လာခဲ့ကြတာဟာ ဖြစ်ရပ်မှန်သဘာဝပါပဲ။ အစိုးရနဲ့ပြည်သူတွေအကြား နွေးထွေး နားလည်မှုတွေ တိုးပွားလာခဲ့သလို ပြည်သူနဲ့ တပ်မတော်အကြားမှာလည်း အလားတူပဲ ဖြစ်ပါတယ်။ ပြည်သူတွေရဲ့ဘေးဒုက္ခကို တစ်သားတည်း ခံစားတတ်တဲ့ ကြည်း၊ ရေ၊ လေ တပ်မတော်သားတွေအနေနဲ့ ဒီလေဘေးကြီးမှာ အင်တိုက်အားတိုက် ပါဝင်ကူညီခဲ့ကြတာ တွေ့ရပါတယ်။ ရန်ကုန်တိုင်းမှာ အင်အားနှစ်သောင်းကျော်၊ ဧရာဝတီတိုင်းမှာ အင်အားနှစ်သောင်းကျော် စုစုပေါင်းအင်အား လေးသောင်းကျော်ရှိတဲ့ တပ်မတော်သားတွေဟာ လေမုန်တိုင်းပြီးစမှာ ရှာဖွေကယ်ဆယ်ရေး၊ ဆေးဝါးကုသရေးကစပြီး ပြန်လည်တည်ဆောက်ရေးမှာလည်း အိမ်ဆောက်ပေး၊ လမ်းခင်းပေး၊ လယ်ထွန်ပေး၊ ခြံဝင်းထဲမှာ မီးဖိုချောင် စိုက်ခင်းကလေးတွေ စိုက်ပျိုးပေးတာကအစ ဘက်ပေါင်းစုံက တက်တက်ကြွကြွ ဆောင်ရွက်နေကြတာကို တွေ့မြင် ကြားသိနေရတာ အင်မတန်မှ ဝမ်းသာဖို့ကောင်းပါတယ်။**

လေဘေးသင့် ဒေသတွေမှာ ဘက်စုံ ထောင့်စုံက ပါဝင်ကူညီဆောင်ရွက်ပေးနေခဲ့ကြတဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ကြက်ခြေနီအဖွဲ့နဲ့ တခြားလူမှုရေးအသင်းအဖွဲ့တွေ၊ ပုဂ္ဂလိကစေတနာရှင် ပရဟိတအစုအဖွဲ့တွေ၊ ပြည်တွင်းပြည်ပ NGO ပရဟိတအဖွဲ့အစည်းတွေရဲ့ အားထုတ်ကြိုးပမ်း ကူညီမှုတွေဟာလည်း အထူးပဲ ကျေးဇူးတင်ထိုက်ပါတယ်။

ခြုံပြောရမယ်ဆိုရင်တော့ ဒီလေဘေးအန္တရာယ် ကယ်ဆယ်ရေးနဲ့ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းတွေမှာ တစ်နိုင်ငံလုံးက ပြည်သူအားလုံးဟာ ကိုယ်တတ်နိုင်တဲ့ဘက်ကနေ စည်းစည်းလုံးလုံး၊ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေကြတဲ့ ပေါင်းစည်းအင်အားကြောင့် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းတွေဟာ အရှိန်အဟုန်နဲ့ ဒီလောက်မြန်မြန်ဆန်ဆန် တိုးတက်အောင်မြင်လာခဲ့တာဖြစ်ပါတယ်။ အခုဆိုရင် လေဘေးသင့်ဒေသတွေမှာ အရင်လေဘေးမခံရခင် အခြေအနေကထက် ပိုပြီး စနစ်တကျ ကောင်းမွန်တဲ့ မြို့သစ်၊ ရွာသစ်တွေ၊ ထွန်စက်အသစ်၊ လှေအသစ်၊ ပိုက်ကွန် အသစ်စတဲ့ လုပ်ငန်းကိရိယာအသစ်တွေနဲ့ လေဘေးသင့်ပြည်သူတွေဟာ ဘဝအသစ်ကို အားသစ်မာန်သစ်တွေနဲ့စပြီး တည်ဆောက်ထူထောင်နိုင်ခဲ့ကြတာ တစ်နိုင်ငံလုံးက ပြည်သူတွေရဲ့ ပေါင်းစည်းအင်အားနဲ့ ဝိုင်းဝန်းပံ့ပိုး ကူညီဆောင်ရွက်ခဲ့ကြတဲ့ ကျေးဇူးကြောင့်ဆိုရင် မမှားနိုင်ပါဘူး။

ဒီလို အချိန်တိုအတွင်းမှာ ဒီလောက်မြန်မြန်တိုးတက် အောင်မြင်လာခဲ့တာဟာ ကိုယ့်တစ်နိုင်ငံတည်း အတိုင်းအတာနဲ့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်

နာဂစ်မုန်တိုင်းဘေး ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေမှာ ကိုယ်တတ်နိုင်တဲ့ အတိုင်းအတာအလျောက် သဒ္ဓါတရား ထက်သန်စွာ ပါဝင်လှူဒါန်းခဲ့ကြတဲ့ စေတနာရှင်တွေ အားလုံးကိုလည်း အသိအမှတ်ပြုရမှာပါ။ ရေခဲချောင်းရောင်းတဲ့သူတွေကနေ အင်အား အတောင့်တင်းဆုံး ကုမ္ပဏီလုပ်ငန်းကြီးတွေအထိ မနေအင်အား အဆင့် အသီးသီးက အလှူရှင်တွေဟာ စေတနာဖြူဖြူစင်စင်နဲ့ ငွေကျပ် ငါးဆယ်၊ တစ်ရာကစပြီး သိန်းပေါင်း ထောင်နဲ့ချီတဲ့အထိ ပါဝင်လှူဒါန်းခဲ့ကြတာ တွေ့ရပါတယ်။

မြန်မာပြည်သူ[...]
ဒီလို အောင်မြင်မှ[...]
စွမ်းဆောင်ပေးခဲ့တဲ့
ညီညွတ်မှုကို အထူး[...]
ပြီး ထိန်းသိမ်း သွား[...]
အကြောင်းကတော့
ဘေးဒဏ် ပြန်လည်[...]
ရေးဆိုတာ ခဏ[...]
ပြီးစီးသွားနိုင်တဲ့ [...]
မဟုတ်ဘဲ ရေရှည်[...]
လုပ်ကိုင်ဆောင်ရွက်[...]
ဖြစ်လို့ပါပဲ။

နေတယ်လို့ ပြောရင်တော့ မှားပါလိမ့်မယ်။ ဘာ[...]
နိုင်ငံရဲ့ လေဘေးသင့်ဒေသတွေလိုပဲ သွားရေး၊ [...]
ဖြစ်ခဲ့ကြတဲ့ ကမ္ဘာ့နေရာအသီးသီးက ဖွံ့ဖြိုး[...]
ဘေးဒဏ်တွေကို နှိုင်းယှဉ်လေ့လာကြည့်မယ်ဆို[...]
တည်ဆောက်ရေးဟာ အံ့သြလောက်စရာ မြန်မြ[...]
တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မ[...]
ထိခိုက်မှုပမာဏ လေ့လာဆန်းစစ်တဲ့ သုံးပွ[...]
အင်ဒိုနီးရှား ဆူနာမီသဘာဝဘေးဒဏ်ဆိုင်ရာ [...]
ဆက်ယို)ကတောင်မှ မြန်မာနိုင်ငံရဲ့ ကြိုး[...]
အင်ဒိုနီးရှားမှာကြုံခဲ့ရတဲ့ ၂၀၀၄ခုနှစ် ဆူ[...]
ဆောင်ရွက်ခဲ့မှုတွေထက်တောင်မှ သာပါတယ်လ[...]
ဖြစ်ပါတယ်။ ၂၀၀၅ခုနှစ် တောင်အာရှနိုင်ငံ[...]
တုန်းကဆိုရင်လည်း ငလျင်ဒဏ်ကြောင့် ပျက်စီး[...]
ပြည်သူတွေဟာ တစ်နှစ်ကျော် နှစ်နှစ်လောက်[...]
ပြန်မနေနိုင်ကြသေးဘဲ ရွက်ဖျင်တဲတွေနဲ့ နေရခဲ[...]
ဒါကြောင့်မို့ မြန်မာနိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံ[...]
တစ်လျှောက်လုံးမှာ ပျက်စီးဆုံးရှုံးမှုအကြီးမားဆုံ[...]
ခံစားခဲ့ရပြီးတဲ့နောက် ဒီလောက် အောင်အော[...]
ပြန်လည်ထူထောင်နိုင်ခဲ့တာ မြန်မာပြည်သူတစ်[...]
ပါတယ်။

မြန်မာပြည်သူတွေအနေနဲ့ ဒီလိုအောင်မြ[...] ပေးခဲ့တဲ့ စည်းလုံးညီညွတ်မှုကို အထူးတန်ဖို[...] သင့်ပါတယ်။ အကြောင်းကတော့ သဘာဝဘေ[...] ရေးဆိုတာ ခဏတစ်ဖြုတ်နဲ့ ပြီးစီးသွားနိုင်[...] ရေရှည်ဆက်ပြီး လုပ်ကိုင်ဆောင်ရွက်သွားရမှာ[...]

သည့်အပြင်လည်း မကြာခင်မှာ ပေါ်ပေါ[...] သစ် ထူထောင်တည်ဆောက်ရေးမှာ မြန်မာပြ[...] ရရှိထားတဲ့ ရေပက်မဝင် စည်းလုံးညီညွတ်မှု[...] ထားပြီး တက်တက်ကြွကြွ ပါဝင်သွားကြဖို့ လို[...] မြန်မာနိုင်ငံတော်ကြီးအတွက် အသက်တမျှ [...] သားရေးကိစ္စတစ်ခု ဖြစ်ပါတယ်။ ဒီကနေ့ မတ[...] ရတဲ့ နိုင်ငံတကာ နိုင်ငံရေးအခြေအနေတွေ၊ မ[...] ဈေးနှုန်းနဲ့ စားနပ်ရိက္ခာဈေးနှုန်းတွေကြောင့် သ[...] ကမ္ဘာ့စီးပွားရေးအခြေအနေတွေ၊ မြန်မာနိုင်ငံ [...] တိုးတက်မှာကို မမြင်လို၊ မရှုဆိတ်နိုင်ကြတဲ့[...] တွေရဲ့ဖျက်ဆီးနှောင့်ယှက်ဖို့ ကြိုးပမ်းလာကြမှာ[...] စဉ်းစားကြည့်မယ်ဆိုရင် နိုင်ငံတော်သစ်တည်ဆေ[...] ကြီးဟာ ဘယ်လောက်အထိ အရေးကြီးတယ်ဆို[...] ဒီအမျိုးသားရေးကိစ္စကြီး အောင်အောင်မြင်[...] ဆောင်ရွက်ပြီးစီးနိုင်ဖို့၊ အေးချမ်းသာယာပြီး [...] ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ခိုင်ခိုင်မာမာ ပေါ[...] ပြီး စည်းလုံးညီညွတ်စွာ ကြိုးပမ်းကြပါစို့လို့ [...] တစ်ရပ်လုံးကို တိုက်တွန်းလိုက်ပါရစေလား။

မြန်မာပြည်သူတွေ အနေနဲ့ ဒီလို အောင်မြင်မှု ရလဒ်ကို စွမ်းဆောင်ပေးခဲ့တဲ့ စည်းလုံး ညီညွတ်မှုကို အထူးတန်ဖိုးထား ပြီး ထိန်းသိမ်း သွားသင့်ပါတယ်။ အကြောင်းကတော့ သဘာဝ ဘေးဒဏ် ပြန်လည်ထူထောင် ရေးဆိုတာ ခဏတစ်ဖြုတ်နဲ့ ပြီးစီးသွားနိုင်တဲ့ လုပ်ငန်းမျိုး မဟုတ်ဘဲ ရေရှည် ဆက်ပြီး လုပ်ကိုင်ဆောင်ရွက်သွားရမှာ ဖြစ်လို့ပါပဲ။

နေတယ်လို့ ပြောရင်တော့ မှားပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံရဲ့ လေဘေးသင့်ဒေသတွေလိုပဲ သွားရေး၊ လာရေးခက်ခဲတဲ့ ဒေသမှာ ဖြစ်ခဲ့ကြတဲ့ ကမ္ဘာ့နေရာအသီးသီးက ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ သဘာဝဘေးဒဏ်တွေကို နှိုင်းယှဉ်လေ့လာကြည့်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ပြန်လည်တည်ဆောက်ရေးဟာ အံ့သြလောက်စရာ မြန်မြန်ဆန်ဆန်အောင်မြင်လာခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ လေဘေးကြောင့် ထိခိုက်မှုပမာဏ လေ့လာဆန်းစစ်တဲ့ သုံးပွင့်ဆိုင်အဖွဲ့မှာ ပါဝင်ခဲ့တဲ့ အင်ဒိုနီးရှား ဆူနာမီသဘာဝဘေးဒဏ်ဆိုင်ရာ ကျွမ်းကျင်သူ (ဟေရူးပရာဆက်ယို)ကတောင်မှ မြန်မာနိုင်ငံရဲ့ ကြိုးပမ်းလုပ်ဆောင်မှုတွေဟာ အင်ဒိုနီးရှားမှာကြုံခဲ့ရတဲ့ ၂၀၀၄ခုနှစ် ဆူနာမီသဘာဝဘေးတုန်းက ဆောင်ရွက်ခဲ့မှုတွေထက်တောင်မှ သာပါတယ်လို့ အကဲဖြတ် ချီးကျူးခဲ့တာဖြစ်ပါတယ်။ ၂၀၀၅ခုနှစ် တောင်အာရှနိုင်ငံတစ်ခုရဲ့ ငလျင်ဘေးကြီးတုန်းကဆိုရင်လည်း ငလျင်ဒဏ်ကြောင့် ပျက်စီးသွားခဲ့ရတဲ့ ကျေးရွာတွေက ပြည်သူတွေဟာ တစ်နှစ်ကျော် နှစ်နှစ်လောက်ကြာတာတောင် အိုးနဲ့အိမ်နဲ့ ပြန်မနေနိုင်ကြသေးဘဲ ရွက်ဖျင်တဲတွေနဲ့ နေရဆဲရှိတာကို တွေ့ခဲ့ရပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေနဲ့ သမိုင်းစဉ်တစ်လျှောက်လုံးမှာ ပျက်စီးဆုံးရှုံးမှုအကြီးမားဆုံး သဘာဝဘေးဒဏ်ကြီးကို ခံစားခဲ့ရပြီးတဲ့နောက် ဒီလောက် အောင်အောင်မြင်မြင် မြန်မြန်ဆန်ဆန် ပြန်လည်ထူထောင်နိုင်ခဲ့တာ မြန်မာပြည်သူတစ်ရပ်လုံးက ဂုဏ်ယူသင့်ကြပါတယ်။

မြန်မာပြည်သူတွေအနေနဲ့ ဒီလိုအောင်မြင်မှုရလဒ်ကို စွမ်းဆောင်ပေးခဲ့တဲ့ စည်းလုံးညီညွတ်မှုကို အထူးတန်ဖိုးထားပြီး ထိန်းသိမ်းသွားသင့်ပါတယ်။ အကြောင်းကတော့ သဘာဝဘေးဒဏ်ပြန်လည်ထူထောင်ရေးဆိုတာ ခဏတစ်ဖြုတ်နဲ့ ပြီးစီးသွားနိုင်တဲ့ လုပ်ငန်းမျိုးမဟုတ်ဘဲ ရေရှည်ဆက်ပြီး လုပ်ကိုင်ဆောင်ရွက်သွားရမှာ ဖြစ်လို့ပါပဲ။

သည့်အပြင်လည်း မကြာခင်မှာ ပေါ်ပေါက်လာတော့မယ့် နိုင်ငံတော်သစ် ထူထောင်တည်ဆောက်ရေးမှာ မြန်မာပြည်သူတစ်ရပ်လုံးက အခုရရှိထားတဲ့ ရေပက်မဝင် စည်းလုံးညီညွတ်မှုကို ဆက်လက်ထိန်းသိမ်းထားပြီး တက်တက်ကြွကြွ ပါဝင်သွားကြဖို့ လိုအပ်မှာပါ။ ဒီအရေးကိစ္စဟာ မြန်မာနိုင်ငံတော်ကြီးအတွက် အသက်တမျှ အထူးအရေးကြီးတဲ့ အမျိုးသားရေးကိစ္စတစ်ခု ဖြစ်ပါတယ်။ ဒီကနေ့ မတည်မငြိမ်နဲ့ မလုံမခြုံ ဖြစ်နေရတဲ့ နိုင်ငံတကာ နိုင်ငံရေးအခြေအနေတွေ၊ မတည်ငြိမ်တဲ့ လောင်စာဆီဈေးနှုန်းနဲ့ စားနပ်ရိက္ခာဈေးနှုန်းတွေကြောင့် သက်ရောက် ထိခိုက်လာမယ့် ကမ္ဘာ့စီးပွားရေးအခြေအနေတွေ၊ မြန်မာနိုင်ငံ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်မှာကို မမြင်လို၊ မရှုဆိတ်နိုင်ကြတဲ့ အတွင်း-အပ ပယောဂတွေရဲ့ဖျက်ဆီးနှောင့်ယှက်ဖို့ ကြိုးပမ်းလာကြမှာတွေကို ထည့်သွင်းသုံးသပ်စဉ်းစားကြည့်မယ်ဆိုရင် နိုင်ငံတော်သစ်တည်ဆောက်ရေးဆိုတဲ့ အရေးကိစ္စကြီးဟာ ဘယ်လောက်အထိ အရေးကြီးတယ်ဆိုတာ သိနိုင်မှာပါ။ ဒါကြောင့် ဒီအမျိုးသားရေးကိစ္စကြီး အောင်အောင်မြင်မြင်၊ အေးအေးချမ်းချမ်း ဆောင်ရွက်ပြီးစီးနိုင်ဖို့၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ခိုင်ခိုင်မာမာ ပေါ်ပေါက်လာနိုင်ဖို့ ဆက်လက်ပြီး စည်းလုံးညီညွတ်စွာ ကြိုးပမ်းကြပါစို့လို့ အမျိုးချစ်တဲ့ မြန်မာပြည်သူတစ်ရပ်လုံးကို တိုက်တွန်းလိုက်ပါရစေလား။ ။

လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် ကိုင်းတန်းလမ်းထိပ်ရှိ ဗုဒ္ဓဝါဒူက စေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (ဝါဆိုလပြည့်နေ့) ဇူလိုင် ၁၇ရက်က ကျင်းပရာ သရက်တောတိုက် အုတ်လှေကားကျောင်းထိုင်ဆရာတော် ဦးသြဘာသနှင့် ပင့်သံဃာ ၁၀ပါးတို့အား ဝါဆိုသင်္ကန်း ၁၀၄စုံနှင့် လှိုင်သာယာမြို့နယ် သံပရိယတ္တိစာသင်တိုက်သို့ သင်္ကန်း ၁၀၄စုံ စုစုပေါင်းသင်္ကန်း ၂၀၈စုံအား ဂေါပကအဖွဲ့၊ မြို့နယ် အမျိုးသမီးဝတ်အဖွဲ့နှင့် ရပ်မိ ရပ်ဖများက စုပေါင်းကပ်လှူ၍ ရေစက်ချတရားနာယူကြစဉ်။ (ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

မြန်မာ့ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ မိုးသက်လေပြင်းကျရောက်နိုင်

ရန်ကုန် ဇူလိုင် ၂၅

ဇူလိုင် ၂၄ရက်က ကမ္ဘာတစ်လွှား ရာသီဥတုဖြစ်စဉ်ကို လေ့လာပါက သီရိလင်္ကာနိုင်ငံတောင်ပိုင်းတွင် မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်း၍ တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပေါ်ခဲ့ကာ ဖိလစ်ပိုင်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူနိုင်ငံတို့တွင် လေပြင်းတိုက် မိုးရွာသွန်းမှုများဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရသည်။

ဇူလိုင်၂၅ရက်က မြန်မာနိုင်ငံအတွင်း သဘာဝရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ပါက ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ နေရာစိပ်စိပ် မိုးရွာသွန်းခဲ့သည်။ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

ဇူလိုင်၂၅ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

လောင်းလုံ	၇	ဒသမ	၂၄	လက်မ
သထုံ	၄	ဒသမ	၇၆	လက်မ
ထားဝယ်	၄	ဒသမ	၇၃	လက်မ
ဖျာပုံ	၄	ဒသမ	၄၄	လက်မ
ဒွမြို့	၃	ဒသမ	၃၁	လက်မ
ဟုမ္မလင်း	၂	ဒသမ	၄၈	လက်မ
မြိတ်	၂	ဒသမ	၄၄	လက်မ
မြစ်ကြီးနား	၂	ဒသမ	၂၈	လက်မ

ဇူလိုင်၂၆ရက် (**ယနေ့**) ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မိုးရွာသွန်းနိုင်ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာသွန်းနိုင်သည်။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း၈၀ ဖြစ်သည်။

ဇူလိုင်၂၆ရက် (**ယနေ့**) နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးရွာသွန်းနိုင်ပြီး ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်မူ မိုးအသင့်အတင့် ရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

လှိုင်းကြီးနိုင်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှမိုင်၄၀အထိ တိုက်ခတ်နိုင်ကြောင်းဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

မြန်မာ့ရုပ်မြင်သံကြား

၂၆-၇-၂၀၀၈ ရက် (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အတီးပြိုင်ပွဲ
- ၇:၅၀ ၅။ ဝမ်ပုံရေလှောင်တမံ
- ၈:၀၀ ၆။ **ကျော်သွားမှာလား ဖော်စားမှာလား** ခန့်စည်သူ၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ ဟေမာန် အောင်အောင်၊ မယ်လိုဒီ (ဒါရိုက်တာ-အကယ်ဒမီ မလိခစိုးထိုက်အောင်)
- ၈:၁၅ ၇။ အကပြိုင်ပွဲ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၁:၅၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၁၅ ၅။ Rainforest Homeland
- ၁၃:၀၅ ၆။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
- ၁၃:၅၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၁၄:၀၀ ၈။ ကဗျာပန်းဥယျာဉ်
- ၁၄:၁၀ ၉။ **အလံလေးတော့ကိုင်ပြပါ** ဖွဲ့နိုင်ဝင်း၊ရတနာခင် (ဒါရိုက်တာ-မင်းအုပ်စိုး)
- ၁၄:၂၀ ၁၀။ အတီးပြိုင်ပွဲ
- ၁၄:၃၀ ၁၁။ သက်တံရောင်သံစဉ်
- ၁၄:၄၅ ၁၂။ International News

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၃၀ ၄။ တေးဂီတအစီအစဉ်
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၆။ အတီးပြိုင်ပွဲ
- ၅:၁၀ ၇။ တေးဂီတအစီအစဉ်
- ၅:၂၀ ၈။ မြန်မာ့ဓလေ့ ရိုးရာလက်ဖွဲ့
- ၅:၃၀ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
- ၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေမင်းသားလေး ချစ်ပုံပြင်** (အပိုင်း-၁၆)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး** (အပိုင်း-၇)

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

တရုတ်အနောက်တောင်ပိုင်း၌ငလျင်များလှုပ် သေဆုံး၊ ဒဏ်ရာရရှိပြီး နေအိမ်များပျက်စီး

ချန်ဒူး ဇူလိုင် ၂၅

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် ဇူလိုင်၂၅ရက် ဒေသစံတော်ချိန် ညနေ ၅နာရီခန့်က ရစ်ချ်တာစကေး ၅ဒသမ၆၊ ၄ဒသမ၉နှင့် ၆အင်အားရှိသော ငလျင်များလှုပ်ခဲ့ကြောင်း တရုတ်အမျိုးသား မိုးလေဝသဗျူရိုက သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

ရွှေ့ပြောင်းပေး

အဆိုပါ မြေငလျင်များလှုပ်မှုကြောင့် နန်ကျင်းစီရင်စုနှင့် ကျင်ချွမ်စီရင်စုတို့တွင် နေအိမ်များပျက်စီးခဲ့ပြီး တစ်ဦးသေဆုံးကာ ၁၇ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။ ငလျင်များကြောင့် နေအိမ်ပျက်စီးမှုမှာ ရာနှင့်ချီရှိကြောင်း၊ ဒေသခံ ရာပေါင်းများစွာအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း တရုတ်အမျိုးသားသဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

နီပေါအရှေ့ပိုင်း၌ရေလွှမ်း နေအိမ် ၁၀၀၀ ကျော် ရေနစ်မြုပ်

ခတ္တမန္ဒူ ဇူလိုင် ၂၅

နီပေါနိုင်ငံအရှေ့ပိုင်း အူဒေးပူရာခရိုင်တွင် ဇူလိုင်၂၅ရက် နံနက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် နေအိမ်အများအပြား ရေလွှမ်းမှုဖြစ်ပွားခဲ့ကြောင်း နီပေါနိုင်ငံ မိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။ (အပေါ်ပုံ)

နစ်မြုပ်

ထိုသို့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အူဒေးပူရာခရိုင်အတွင်းရှိ ဆာပတာကိုရှီမြစ်နှင့် ထရိုင်ယူဂါမြစ်များ မြစ်ရေလျှံမှုဖြစ်ပေါ်ခဲ့ရာ အနီးဝန်းကျင်ရှိ ကျေးရွာများမှ နေအိမ် ၁၀၀၀ကျော် ရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားအရှေ့ပိုင်း၌ ငလျင်လှုပ်ပြီးမြေပြို သုံးဦးသေဆုံးပြီး နေအိမ်များပျက်စီး

ဂျကာတာ ဇူလိုင် ၂၅

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း မာလူကူ ပြည်နယ်တွင် ဇူလိုင် ၂၅ရက် နံနက်က ရစ်ချ်တာစကေး ၅အဆင့်ရှိ ငလျင်လှုပ်မှုကြောင့် တာနာတီမြို့အနီး ကျေးရွာတစ်ရွာ၌ မြေပြိုမှု ဖြစ်ပွားခဲ့ကြောင်း အင်ဒိုနီးရှား အရာရှိများက ပြောကြားသည်။

ပျက်စီး

အဆိုပါ မြေပြိုမှုကြောင့် ရွာသားသုံးဦး သေဆုံးပြီး နေအိမ်လေးလုံးပျက်စီးခဲ့ကြောင်း၊ ပျက်စီးခဲ့သော နေအိမ်များမှာ တောင်စောင်းအနီး၌ ဆောက်လုပ်ထားသည့်အိမ်များဖြစ်ကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။

ဝန်ကြီးဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်ခဲ့

နေပြည်တော် ဇူလိုင် ၂၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်၂၀ရက်မှ ၂၄ရက်အထိ စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသည့် (၄၁)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ရှင်းလင်းပြောကြား

ဝန်ကြီးဦးဉာဏ်ဝင်းသည် ဇူလိုင် ၂၀ရက် ညပိုင်းတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်၍ မြန်မာနိုင်ငံ၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုခဲ့ခြင်း၊ ဆိုင်ကလုန်းနာဂစ် ထိခိုက်ပျက်စီးမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်က ဆောင်ရွက်ခဲ့သည့် ပြန်လည်ထူထောင်မှု လုပ်ငန်းများနှင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ အပါအဝင် နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို ရှင်းလင်း ပြောကြားခဲ့သည်။

ဝန်ကြီးဦးဉာဏ်ဝင်းသည် ဇူလိုင် ၂၁ရက် နံနက်ပိုင်းတွင် (၄၁)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ စင်ကာပူ-အာဆီယံလေ့လာရေးဌာန တည်ထောင်ဖွင့်လှစ်မှုအခမ်းအနား၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလုပ်သဘော နေ့လယ်စာစားပွဲနှင့် သီးသန့်ဆွေးနွေးပွဲတို့သို့ ပါဝင်တက်ရောက်ခဲ့သည်။

စာချွန်လွှာ

ထို့နောက် ဝန်ကြီးဦးဉာဏ်ဝင်းသည် မွန်းလွဲ ၂နာရီတွင် အာဆီယံ ပဋိညာဉ်စာတမ်းကို မြန်မာနိုင်ငံက အတည်ပြုသည့် စာချွန်လွှာအား အပ်နှံသည့် အခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့ပြီး အာဆီယံ ပဋိညာဉ်စာတမ်းအားအတည်ပြုသည့် စာချွန်လွှာကို ဝန်ကြီးက အာဆီယံ အတွင်းရေးမှူးချုပ်ထံ အပ်နှံသည်။

ယင်းသို့ စာချွန်လွှာကိုအပ်နှံခဲ့သည့်အတွက် မြန်မာနိုင်ငံသည် အာဆီယံ ပဋိညာဉ်စာတမ်းအား အတည်ပြုပြီးသည့် ခုနစ်နိုင်ငံမြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။

မိန့်ခွန်းပြောကြား

ယင်းနောက် ဝန်ကြီးဦးဉာဏ်ဝင်းသည် ညနေပိုင်းတွင် အာဆီယံဦးဆောင်သော ညှိနှိုင်းရေးအစီအစဉ်အရ ဆောင်ရွက်ခဲ့သည့် ဆိုင်ကလုန်းနာဂစ်အလွန် ပူးတွဲလေ့လာသုံးသပ်ချက်၏ အစီရင်ခံစာ ထုတ်ပြန်ခဲ့သည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။ ယင်းသတင်းစာရှင်းလင်းပွဲတွင် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး အကြီးအကဲ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးတို့ကလည်း မိန့်ခွန်း အသီးသီးပြောကြားခဲ့ကြသည်။

ဝန်ကြီးဦးဉာဏ်ဝင်းသည် ဇူလိုင် ၂၂ရက်တွင် ကမ္ဘောဒီးယားနှင့်ထိုင်းနိုင်ငံတို့အကြားဖြစ်ပွားသည့် နယ်နိမိတ်အငြင်းပွားမှုကိစ္စနှင့်စပ်လျဉ်း၍ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအလုပ်သဘော နေ့လယ်စာစားပွဲသို့ ပါဝင်တက်ရောက်ခဲ့သည်။ ထို့အပြင် ဝန်ကြီးသည် နေ့လယ်ပိုင်းတွင် ကျင်းပသည့် အာဆီယံ+၃ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့လည်းကောင်း၊ အရှေ့အာရှထိပ်သီးအစည်းအဝေးအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော ဆွေးနွေးပွဲများသို့လည်းကောင်း ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း စင်ကာပူသမ္မတနိုင်ငံ၌ အာဆီယံ ပဋိညာဉ်စာတမ်း အတည်ပြုစာချွန်လွှာကို အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်စူဝမ်ထံ ပေးအပ်စဉ်။ (နိုင်ငံခြားရေး)

ပူးတွဲသဘာပတိ

ဝန်ကြီးဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၃ရက်တွင် အာဆီယံဆွေးနွေးဖက်နိုင်ငံ ၁၀နိုင်ငံနှင့်ကျင်းပသော ဝန်ကြီးများအဆင့် အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံသည် အာဆီယံ-နယူးဇီလန်ဆွေးနွေးဖက် ဆက်ဆံရေးတွင် ညှိနှိုင်းရေးမှူးဖြစ်သည့်အတွက် ဝန်ကြီးဦးဉာဏ်ဝင်းသည် အာဆီယံ-နယူးဇီလန် ဝန်ကြီးအဆင့် အစည်းအဝေးတွင် ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

ပါဝင်တက်ရောက်ခဲ့

ဝန်ကြီးဦးဉာဏ်ဝင်းသည် ဇူလိုင် ၂၄ရက်တွင် (၁၅)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ် (အေအာရ်အက်ဖ်) အဖွဲ့ဝင် နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးနှင့် ဝန်ကြီးအဆင့် မျက်နှာစုံညီ အစည်းအဝေးတို့သို့ ပါဝင်တက်ရောက်ခဲ့သည်။

သီးသန့်အစည်းအဝေးတွင် ဝန်ကြီးက မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။ အေအာရ်အက်ဖ် အစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံ ၂၇နိုင်ငံတို့မှ ဝန်ကြီးအဆင့် ကိုယ်စားလှယ် အဖွဲ့များ ပါဝင်တက်ရောက်ခဲ့ကြသည်။

အဖွဲ့ဝင်

ထို့အပြင် ဝန်ကြီးဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံနိုင်ငံများ၏ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သို့ ကိုရီးယားဒီမိုကရက် တစ်ပြည်သူ့သမ္မတနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်းကို လက်ခံသည့် နောက်ဆက်တွဲစာချုပ်ကို လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ယင်းသို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံအား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်တွင် အဖွဲ့ဝင်အဖြစ်လက်ခံခဲ့သည့်အတွက်ယင်းစာချုပ်ဝင်နိုင်ငံ ၂၅နိုင်ငံ ရှိလာပြီဖြစ်သည်။

အကျိုးတူ

စင်ကာပူသမ္မတနိုင်ငံ၌ ရှိနေစဉ် ဝန်ကြီးဦးဉာဏ်ဝင်းသည် ကမ္ဘောဒီးယား၊ ဂျပန်၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဩစတြေးလျ၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်နှင့် တီမောလက်စ်တေနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် သီးခြားစီ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များနှင့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာရေးရာများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ပြန်လည်လိုက်ပါလာ

ဝန်ကြီးဦးဉာဏ်ဝင်းနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသည့် အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း၊ နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်၊ အာဆီယံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေ၊ လက်ထောက်ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဦးကျော်တင်ရှိန်နှင့် ဦးကျော်စည်သူနှင့် ဌာနစုမှူး(၁) ဦးတင်ဝင်းတို့ ပြန်လည် လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင်၂၀ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်မှ ဝန်ထမ်းများနှင့်မိသားစုများ သတ္တမအကြိမ် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပစဉ်။ (က-ပ)

ရထားပို့ဆောင်ရေး ဝန်ထမ်း သား၊ သမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၂၅

၂၀၀၇-၂၀၀၈ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သား၊ သမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ် အောင်မင်းက အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးက ဂုဏ်ထူး သုံးဘာသာနှင့်အောက် အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ထပ်ဆင့် ဂုဏ်ပြုချီးမြှင့်ရန်အတွက် ဌာနအကြီးအကဲများသို့ ဂုဏ်ပြုဆုများ လွှဲပြောင်းပေးအပ်ခဲ့ပြီး ခြောက်ဘာသာ ဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူလေးဦးအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်သည်။

ချီးမြှင့်

ဆက်လက်၍ ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင်က ငါးဘာသာဂုဏ်ထူး ရရှိသူ ကျောင်းသား ကျောင်းသူငါးဦးအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဖေသန်းက လေးဘာသာဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူ ၁၈ဦးအားလည်းကောင်း ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးသည်။

ထို့နောက် ဆုရ ကျောင်းသား ကျောင်းသူများ ကိုယ်စား ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်သီဟဝင့်အောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အောင်မြင်ခဲ့

ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ၏ သား၊ သမီးများသည် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူး ခြောက်ဘာသာလေးဦး၊ ငါးဘာသာငါးဦး၊ လေးဘာသာ၁၈ဦး၊ သုံးဘာသာ ၁၈ဦး၊ နှစ်ဘာသာ ၂၁ဦး၊ တစ်ဘာသာ ၆၆ဦးနှင့် ရိုးရိုး အောင်မြင်သူ ၅၀၄ ဦး စုစုပေါင်း ၆၃၆ ဦး အောင်မြင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေစကြိုဆရာတော်တရားပွဲ

ရန်ကုန် ဇူလိုင် ၂၅

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာဓမ္မာရုံကြီးတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် တိပိဋကတ်မဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ပါဠိပါရဂူအဂ္ဂမဟာအကျော် ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသဆရာတော်သည် ဝါဆို လကွယ် (ဩဂုတ်၁ရက်) သောကြာနေ့ မွန်းလွဲ၂နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ရာ ဆရာတော်အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို တပည့်ဒါယကာ ဒါယိကာမများကလှူဒါန်း ပူဇော်ကြမည်ဖြစ်သည်။ (က-ပ)

မန္တလေးဒေသကောလိပ်(နန်းရှေ့)ပထမဆုံးနှစ် ၁၉၇၇ ကျောင်းသူ ကျောင်းသားများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၅

၁၉၇၇ ခုနှစ် မေလမှစတင်ဖွင့်လှစ်သော မန္တလေးဒေသကောလိပ်(နန်းရှေ့)တွင် ပထမဆုံးနှစ်အဖြစ် စတင်တက်ရောက်ခဲ့ကြသော ကျောင်းသူ ကျောင်းသားများ စုစည်း၍ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို လာမည့် ဩဂုတ်၃၁ရက်၌ ကျင်းပရန်စီစဉ်ထားသည်။ အဆိုပါအခမ်းအနားအတွက် ရန်ကုန်ရောက် မန္တလေးဒေသကောလိပ်(နန်းရှေ့) ကျောင်းသူ ကျောင်းသားများကလည်း သွားရောက်ကန်တော့ရန်၊ ပါဝင်ဆင်နွှဲရန် စီစဉ်လျက်ရှိရာ ရန်ကုန်နှင့် ရန်ကုန်အနီးတစ်ဝိုက်မြို့များမှ မန္တလေးဒေသကောလိပ်(နန်းရှေ့) ၁၉၇၇ ကျောင်းသူ ကျောင်းသားများ အနေဖြင့် အလှူငွေများကို ကိုမင်းသိမ်းတင် ဖုန်း-၀၉-၅၁၄၇၂၃၆၊ မသန္တာဝင်း ဖုန်း-၀၉-၅၁၅၆၆၉၈၊ ကိုအောင်ရွှေ ဖုန်း-၀၉-၈၅၅၀၄၂၃၊ ကိုတင့်ဝေ ဖုန်း-၀၉-၅၁၈၅၁၄၆၊ မခင်မာဆွေ(မုန့်မုန့်) ဖုန်း-၀၉-၅၀၀၀၃၉၅၊ မဦးဦးမြ ဖုန်း-၀၉-၅၀၃၃၅၉၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

တရားရုံးချုပ်(နေပြည်တော်) အထူးအယူခံမှုကြားနာ

နေပြည်တော် ဇူလိုင် ၂၅

တရားရုံးချုပ် (နေပြည်တော်) ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တရားရုံးချုပ်(မန္တလေး) တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးစန်းတင့်ရီနှင့် ဦးစိန်လှိုင်တို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀နာရီတွင် တရားရုံးချုပ်(နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှု ဆိုင်ရာ အထူးအယူခံမှု(၅)မှုကို အမိန့် ချမှတ်ခဲ့သည်။ ထို့ပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေ ပုဒ်မ(၇)အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု(၅)မှုကို ကြားနာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၂)ကမာရွတ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇူလိုင် ၂၅

၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို ဩဂုတ် ၁ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် အထက(၂)ကမာရွတ် ကျောင်းရှိ တေဇခန်းမ၌ ကျင်းပမည်ဖြစ်ရာ ယင်းနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၇-၂၀၀၈ရက် (စနေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**မိဘကျေးဇူး အကျေဆပ်နည်း** တရားတော် (ဆရာတော်အရှင် အာစာရာလင်္ကာရ)
၇း၅၅-၁း၅၅	စပါးမှဆန်အသွင် ပြောင်းမြဲရိုင်၏ဂုဏ်အင်
၈း၁၀-၂း၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၃၅-၂း၃၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ရင်ခုန်နှင်းဆီ**
၉း၀၀-၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀-၃း၁၀	ဝါးယင်းလိပ်ရဲ့ ယင်းပန်းချီအလှ
၉း၃၀-၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅-၃း၃၅	မြသိတင်နှင့် တပြင်မခြား၊ ရွှေယွန်းနားဝယ်
၉း၅၀-၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅-၃း၅၅	တစ်ပတ်အတွင်း အားကစားသတင်း
၁၀း၁၀-၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅-၄း၁၅	မိသားစုအပန်းဖြေရာ ပျော်စရာကမ္ဘာ
၁၀း၃၀-၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅-၄း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅-၄း၄၅	လေ့လာဖန်တီး မြန်မာ့လက်မှုပုတီး
၁၁း၀၅-၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀-၅း၁၀	Language Lab [အ·ထ·က(၁)ဒဂုံ]
၁၁း၄၀-၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀-၅း၅၀	စက္ကူရွက်ဝေ ရှမ်းထီးသက်သေ
၁၂း၀၅-၆း၀၅	နိုင်ငံတကာ အနုပညာရေးရာ
၁၂း၂၅-၆-၂၅	မိခင်လောင်းများအတွက် အာဟာရ (ဒေါက်တာလှကြည်)
၁၂း၃၅-၆း၃၅	ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁၂း၅၀-၆း၅၀	Activites in the City (မြရိပ်ညို ဆိုင်သစ်ဖွင့်ပွဲ)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လက်ခံယူ

စမ်းချောင်းမြို့နယ် အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရားကြီးတွင် သီးသန့် ထရန်စဖော်မာ စီမံကိန်းအတွက် အလှူရှင် ဦးခင်မောင်ဇော် ဒေါ်အေးအေးမင်း၊ သား မောင်လပြည့် မိသားစု P.8 မြနန္ဒာလမ်း မြကန်သာ အိမ်ရာ ဘုရင့်နောင် လှိုင်မြို့နယ်က အလှူတော်ငွေ ကျပ်ကိုးသိန်းကို ဇူလိုင် ၂၅ရက်က လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံယူကြစဉ်။

(၁၀၃)

ရည်မှန်းချက်များအောင်မြင်အောင် ဆောင်ရွက် ဝန်ကြီးဦးအောင်သောင်း စက်ရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၅

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၂၄ရက်က မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ် ကျေးရွာအနီးရှိ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း မြင်းမွေးမြူရေးစီမံကိန်း (ရန်ပယ်) သို့ရောက်ရှိပြီး မြွေဆိပ်ဖြေဆေးထုတ်လုပ်ရာတွင် အသုံးပြုရန် မျိုးကောင်း၊ မျိုးသန့်မြင်းများ မွေးမြူထားရှိမှု အခြေအနေနှင့် မြင်းပေါက်ဖွားမှုအခြေအနေများ၊ မြင်းများကို စနစ်တကျကျွေးမွေးလျက်ရှိသော မြင်းအစာများကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းမန်နေဂျာ ဒေါက်တာအောင်ခိုင်နှင့် အထွေထွေမန်နေဂျာ ဦးတင်မောင်ဝင်းတို့က မြင်းများကို လွှတ်ကွင်း၌ စနစ်တကျထိန်းကျောင်းနေမှု၊ မြင်းစားကျက် ပါရာမြက် ၉၉ဧက စိုက်ပျိုးထားရှိမှုနှင့် ဆက်လက်စိုက်ပျိုးရန် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက မြင်းများကူးစက်ရောဂါပိုး မဖြစ်ပွားစေရန် ကြိုတင်စီမံဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့စားသောက်ကုန်လုပ်ငန်း ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံ(ရန်ပယ်)သို့ ရောက်ရှိပြီး စက်ရုံသုံးကုန်ကြမ်းပစ္စည်းများ၊ ထုတ်ကုန်ပစ္စည်းများနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

အောင်မြင်ရေး

ထို့နောက် ဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအားတွေ့ဆုံ၍ စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးဆိုင်ရာများကို မှာကြားသည်။

မှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် တောင်တွင်းကြီးမြို့ မြန်မာ့အထည်အလိပ်လုပ်ငန်း ဝါကြိတ်စက်ရုံသို့ ရောက်ရှိကြည့်ရှု စစ်ဆေးပြီး ကုန်ထုတ်လုပ်မှု ရည်မှန်းချက်များအောင်မြင်အောင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဇူလိုင် ၂၅

၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ (စ)အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲက နေပြည်တော်ဘောလုံးကစားကွင်းအမှတ်(၁)၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ရှေ့နေချုပ်ရုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ကြည့်ရှုအားပေး

ပေါင်းလောင်းဘောလုံးကစားကွင်း၌ သတ္တုတွင်းဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုများ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါပွဲစဉ်တွင် သတ္တုတွင်းဝန်ကြီးဌာနအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်ယှဉ်ပြိုင်

ဇူလိုင်၂၆ရက်(**စနေနေ့**)တွင် နေပြည်တော်ဘောလုံးကစားကွင်း အမှတ်(၁)၌ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန အသင်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအသင်း၊ ပေါင်းလောင်း ဘောလုံးကစားကွင်း၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ (ဆ)အုပ်စုပွဲစဉ်များအဖြစ် အသီးသီး ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ သန်လျင် အထက(၄)တွင် ပေးအပ်

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ယနေ့နံနက် ၉နာရီခွဲက ယင်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ရန်ကုန်တိုင်း ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှဒေါင်းက အမှာစကားပြောကြားပြီး ရန်ကုန်တောင်ပိုင်းခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးယဉ်ထွေးက နိုင်ငံသားစိစစ်ရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြသည်။

ကွင်းဆင်းဆောင်ရွက်

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရန်ကုန်တိုင်း ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှဒေါင်းနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ကြသည်။ **(အပေါ်ပုံ)** သန်လျင်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၇၉ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဆရာဝန်အသင်းဆေးပညာဆွေးနွေးပွဲ

ရန်ကုန် ဇူလိုင် ၂၅

မြန်မာနိုင်ငံဆရာဝန်အသင်းဗဟို အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ကကြီးမှူး၍ အထွေထွေရောဂါ၊မိသားစု ကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာစဉ်ဆက်မပြတ်တိုးတက်ရေး ရည်သန်လျက် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ (Continuing Professional Development Forunm)ကို မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (ဘီ)တွင် ဇူလိုင် ၃၀ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီမှ ညနေ၃နာရီအထိ ကျင်းပမည်ဖြစ်သည်။ ယင်းဆွေးနွေးပွဲတွင် မိသားစုကျန်းမာရေး စောင့်ရှောက်မှု စာတမ်းများနှင့် အထွေထွေရောဂါကု ဆရာဝန်များအတွက် Assessing Cardio-Metabolic Risks နှင့်ပတ်သက်၍ အထူးကုသမားတော်ကြီးက အမေးအဖြေများဖြင့် ဆွေးနွေးသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များတက်ရောက်နိုင်ကြောင်းသိရသည်။ (က-ပ)

ကြာသပတေး ဆွမ်းလောင်းအသင်း အရုဏ်ဆွမ်း လောင်းလှူမည်

နေပြည်တော် ဇူလိုင် ၂၅

နေပြည်တော်ပျဉ်းမနား ကင်ပွန်းတန်းကျေးရွာအုပ်စု သကျွန်းရပ်ကွက်ရှိ ကြာသပတေး ဆွမ်းလောင်းအသင်းသည် ဝါပကာလ၌ လဆန်းခုနစ်ရက်နေ့တိုင်းနှင့် ဝါတွင်းသုံးလ၌ (ကြာသပတေးနေ့)တိုင်း သံဃာတော်များအား အရုဏ်ဆွမ်းနှင့် ဆွမ်းဟင်းများလောင်းလှူခဲ့သည်မှာ ၂၈ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ယခု ၁၃၇၀ ပြည့်နှစ် ဝါတွင်းကာလတွင်လည်း(ဇူလိုင် ၂၄ရက်) မှစတင်ပြီး အပတ်စဉ် ကြာသပတေးနေ့တိုင်း မြို့ပေါ်ရပ်ကွက်၊ ကျေးရွာဝန်းကျင်ရှိ သံဃာတော်အပါး ၇၀၀ ကျော်တို့အား အရုဏ်ဆွမ်းနှင့် ဆွမ်းဟင်းများလောင်းလှူကြမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ဥတု ရာသီ တောကိုမှီ

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ကွန်ဂို၌ ခရီးသည်တင်သင်္ဘောနစ်မြုပ် ၅၀ သေဆုံး၊ ၁၀၀ကျော် ပျောက်ဆုံးနေ

ကင်ရှာဆာ ဇူလိုင် ၂၅

ကွန်ဂိုနိုင်ငံ မြောက်အူဘန်ဂီပြည်နယ်ရှိ အူဘန်ဂီမြစ်အတွင်း ဇူလိုင် ၂၅ရက်နံနက်က ခရီးသည်တင် သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ကြောင်း ကွန်ဂိုနိုင်ငံ ဆိပ်ကမ်းအရာရှိများက ပြောကြားသည်။

ပျောက်ဆုံး

အဆိုပါသင်္ဘောသည် ကွန်ဂိုနိုင်ငံ မိုဘာယီဘွန်ဂိုမြို့မှ ကင်ရှာဆာမြို့သို့ ခုတ်မောင်းလာစဉ် ရာသီဥတုဆိုးရွားမှုကြောင့် နစ်မြုပ်ခဲ့ရခြင်းဖြစ်သည်။ သင်္ဘောနစ်မြုပ်မှုကြောင့် ခရီးသည် ၅၀သေဆုံးပြီး ၁၀၀ကျော် ပျောက်ဆုံးလျက်ရှိသည်။

လိုက်လံရှာဖွေ

သင်္ဘောပေါ်၌ ခရီးသည် စုစုပေါင်း ၁၈၂ဦး လိုက်ပါလာပြီး သင်္ဘောနစ်မြုပ်မှုကြောင့် ခရီးသည် ၂၇ဦးသာ ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ပျောက်ဆုံးနေသူများအား ကယ်ဆယ်ရေးအဖွဲ့များက လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။

လပွတ္တာမြို့နယ် (၃)မိုင် ကယ်ဆယ်ရေးစခန်းတွင် အထူးကုဆရာဝန်များအဖွဲ့မှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။ (ကျန်းမာရေး)

■ *ကျောဖုံးမှ*

ဆွေးနွေးမှာကြား

ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် လပွတ္တာမြို့နယ် ပြည်သူ့ဆေးရုံရှိ အထူးကုဆရာဝန်များ၊ လက်ထောက် ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များနှင့်တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်လိုအပ်သော နေရာဒေသများအရောက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ထိရောက်စွာ ဖြန့်ကြက်ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မန်နေဂျာက ကယ်ဆယ်ရေးစခန်းများနှင့် ကျေးရွာများရှိ ငါးနှစ်အောက်ကလေးများအား တစ်ယောက်မကျန် ပုံမှန်ကာကွယ်ဆေး ခုနစ်မျိုးထိုးပေးကြရန်နှင့် ကာကွယ်ဆေးမထိုးရသော ကလေးများမရှိစေရန် ဒေသဆိုင်ရာများ၏အကူအညီဖြင့် ဆောင်ရွက်ပြီး (၃)မိုင်နှင့် (၅)မိုင်ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကာ ကျန်းမာရေးဝန်ထမ်းများက ကလေးများအား ကာကွယ်ဆေးထိုးနှံနေမှုနှင့် ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ခြင်နှိမ်နင်းရေးဆေးမှုတ်ခြင်းလုပ်ငန်းများ၊ ဝမ်းနှင့်ပတ်သက်သော ရောဂါများ မဖြစ်ပွားစေရေးအတွက် စွန့်ပစ်အမှိုက်များ၊ ခြင်ယင်နှိမ်နင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုကြသည်။

ပေါင်းစပ်ညှိနှိုင်း

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် လပွတ္တာမြို့နယ်အတွင်း အခြေစိုက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ ပိုမိုအဆင်ပြေထိရောက်စေရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြပြီး ဆေးရုံသင်္ဘောဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ဆောင်နေကြသော ဒေါက်တာဇော်မိုးရှိန်နှင့်အဖွဲ့အား သွားရောက်အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကြိမ်(၄၀)မြောက် ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲနှင့် ၂၀၀၈ခုနှစ် အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၅

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်တို့ကကြီးမှူး၍ အကြိမ်(၄၀)မြောက် ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲနှင့် ၂၀၀၈ခုနှစ် အမျိုးသားတံခွန်စိုက်အလေးမပြိုင်ပွဲတို့ကို စက်တင်ဘာ ၁၃ရက်မှ ၁၅ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

ယှဉ်ပြိုင်ခွင့်

အကြိမ်(၄၀)မြောက် ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲသို့ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က သတ်မှတ်ထားသည့် တတိယတန်းအဆင့်ရှိ အားကစားသမားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး မြန်မာ့လက်ရွေးစင်များ၊ လက်ရွေးစင်ဖြစ်ဖူးသူများနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က သတ်မှတ်ပြဋ္ဌာန်းထားသည့် တတိယတန်းအဆင့် (စံ) စံချိန်ကိုကျော်လွန်ပြီး၊ ဒုတိယတန်း အဆင့်နှင့် ပထမတန်းအဆင့်တို့သို့ ရောက်ရှိနေကြသည့် အားကစားသမားများသည် ၂၀၀၈ခုနှစ် အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိကြောင်း သိရသည်။

ဆက်သွယ်စုံစမ်း

ပြိုင်ပွဲဝင်အမည်စာရင်းများကို စက်တင်ဘာ ၁ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်သို့ အရောက်ပေးပို့ရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်စပ်လျဉ်း၍ သိရှိလိုသောအချက်များကို မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၊ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်ဆွေ (အောင်ဆန်းအားကစားပြိုင်ဝင်း) ဖုန်း ၀၁-၃၈၁၀၆၀သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(မြန်မာ့အလင်း)**

လေဘေးသင့် ပြည်သူများအတွက် ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၅

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက အမျိုးသားရေးစိတ်ဓာတ် အရင်းခံဖြင့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပေးပို့ လှူဒါန်းလျက်ရှိရာ မကွေးတိုင်းမှ စေတနာရှင် ပြည်သူများက ငွေကျပ် ၉၈၁၄၆၀၀တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများနှင့် ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၁၇၃၃၆၀၀၀အပါအဝင် စေတနာရှင်ပြည်သူများ၏ဇူလိုင်၂၄ရက်အထိ လှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာငွေ၁၅၀၂၈၈၇၄၁၄၅ ကျပ်ရှိပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီးဗိုလ်ချုပ်မောင်ဦး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂၅

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၈နာရီခွဲက နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် မောင်ဦးက နိုင်ငံတော်၏ ပကတိဖြစ်ပေါ် တိုးတက်မှုအခြေအနေများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရှေ့ဆက်လက် ဆောင်ရွက်ရမည့်လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်နှင့်တိုင်း အသီးသီးမှ အုပ်ချုပ်ရေးမှူးများက မိမိတို့၏ ပြည်နယ်နှင့်တိုင်းအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကဏ္ဍအလိုက်လည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူးများက မိမိတို့ခရိုင်အလိုက် လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများက ရှင်းလင်းတင်ပြချက်များအပေါ် ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ အမှတ် ၁၂၁ ပထမထပ် ၃၈လမ်း ကျောက်တံတားမြို့နယ်နေ ဦးလှတင်သိန်း-ဒေါ်စန်းစန်းမိသားစုက လုံးချင်းကမ္မဋ္ဌာန်းကျောင်းဆောက်လုပ်ရန်အတွက် အလှူငွေကျပ်သိန်း၃၀ကို နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရဓမ္မကထိက ဆရာတော် အရှင်အာစာရာလင်္ကာရ(စစ်ကိုင်းရွှေဟင်္သာ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဓမ္မစကြာနှင့် ဝိပဿနာပြန့်ပွားရေး အသင်းချုပ် ဓမ္မစကြာအခါတော်နေ့နှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၅

ဓမ္မစကြာနှင့် ဝိပဿနာပြန့်ပွားရေးအသင်းချုပ်၏ ဓမ္မစကြာအခါတော်နေ့နှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဝါဆိုလပြည့်နေ့ မွန်းလွဲ ၂နာရီက စစ်ကိုင်းတောင်ရိုး မိဂဒါဝုန်ကျောင်းတိုက် ဓမ္မစကြာဓမ္မာရုံ၌ ကျင်းပသည်။

မြွက်ကြား

အခမ်းအနားတွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် အသင်းချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးဘဒ္ဒန္တပညာသီရိဘိဝံသအဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ နှင့် အသင်းချုပ်ဥက္ကဋ္ဌ ဆရာတော်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဘဒ္ဒန္တ ပဏ္ဍိတဝရာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတတို့က ကိုးပါးသီလနှင့် ဓမ္မစကြာအခါတော်နေ့ တရားတော်ကို မြွက်ကြားကြသည်။

ထို့နောက် အသင်းချုပ်လူပုဂ္ဂိုလ်အဖွဲ့ ဥက္ကဋ္ဌ ဦးမန်းမောင်(စီမံထူးချွန်)က ဓမ္မစကြာဘုရားများနှင့် ကမ္မဋ္ဌာန်းကျောင်းဆောင်၊ လိုဏ်ဂူတော်များတည်ဆောက် ပူဇော်ရေးအတွက် စစ်ကိုင်းတောင်ရိုး မိဂဒါဝုန်ကျောင်းတိုက်အတွင်း မိဂဒါဝုန်တောအစုံတွင် မြေနေရာရရှိရေး (၅)နှစ် စီမံကိန်းစတင်ဆောင်ရွက်ရန်တို့ကို ရှင်းလင်းလျှောက်ထားပြီး အသင်းချုပ်၏ ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို ရုံးဦးစီးအရာရှိဦးမြင့်ဆွေက တင်သွင်းရာ ဆုံးဖြတ်အတည်ပြုကြသည်။

ရေစက်သွန်းချ

ဆက်လက်၍ဆရာတော်ကြီးများနှင့် သံဃာတော်များအား ရာသက်ပန်အလှူရှင်များနှင့် တက်ရောက်လာသူများက ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းကြပြီး အသင်းချုပ်သီလရှင်ဆရာကြီးများအား သီလရှင်ဝတ်စုံများ လှူဒါန်းကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(က-ပ)

ကျောင်းသား ကျောင်းသူများအား ယာဉ်အန္တရာယ်ကင်းဝေးရေးပညာပေး

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ အမှတ်(၂) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး စိုးလွင်သည် ဇူလိုင် ၂၃ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၄၂၀ တို့အား ယာဉ်မတော်တဆမှု အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေး ဟောပြောဆွေးနွေးခဲ့သည်။ **(အောက်ပုံ)**

(သတင်းစဉ်)

ဝန်ထမ်းစွမ်းရည်မြှင့်တင်ရေး ရက်တိုသင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၅

MBA & NGOs များတွင် ပို့ချနေသော ပညာရှင်များက လုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်နေကြသော တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းလောင်းများအတွက် ဇူလိုင်၇ရက်မှ ဩဂုတ်၂ ရက်အထိ ကုမ္ပဏီလုပ်ငန်းပေါင်း ၅၀မှ ဝန်ထမ်း ၁၀၀ အား အခမဲ့ပို့ချခဲ့သည်။ ယခုအခါ ဈေးကွက်၏တောင်းဆိုမှုကြောင့် လုပ်ငန်းစီမံခန့်ခွဲမှု၊ ရုံးလုပ်ငန်းကျွမ်းကျင်မှုနှင့် စွမ်းရည်များ တိုးတက်ရေးအတွက် ရက်တို၊ ရက်ရှည်သင်တန်းများကို သက်သာသောနှုန်းဖြင့် အများတက်ရောက်နိုင်ရန် စီစဉ်ဖွင့်လှစ်ပေးမည်ဖြစ်ရာ လုပ်ငန်းရှင်များအနေနှင့် မိမိဝန်ထမ်းများအား ပို့ချလိုပါက ၁၀ဦးနှင့် အထက်အတွက် သက်ဆိုင်ရာလုပ်ငန်းခွင်တွင် General Management, Trade Policy,Personal Development, Business Ethics, Hospitality, Time Management, Work Floor Management,Human Adjustment & communication, Marketing Management, Financial Management Accounting သင်တန်းများကို စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း- ၅၀၀၃၀၃၊ ၅၀၀၅၄၇၊ ၅၀၀၅၄၈ နှင့် ၅၃၄၇၂၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရစ်ကက်နည်းပြ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ ကြီးကြပ်မှုဖြင့် အာရှခရစ်ကက်ကောင်စီနှင့် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်တို့က ပူးပေါင်း၍ (Myanmar Cricket Federation Closing Ceremony of ACC and MCF Jointly Level.0. Cricket Coaching Course) သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ သုဝဏ္ဏရှိ အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားပြီး ACC Developing Officer Mr.Aminul Islam က ကျေးဇူးတင်စကားပြောကြား၍ ညွှန်ကြားရေးမှူးချုပ်အား ဂုဏ်ပြုအမှတ်တရလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးထံသို့ ပေးအပ်လိုက်ပြီး ACC Developing Officer Mr. Aminul Islamအား သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ဂုဏ်ပြုအမှတ်တရလက်ဆောင်ကို ပေးအပ်သည်။ ယင်းနောက် ACC Developing Officer Mr. Aminul Islamက မြန်မာခရစ်ကက် အားကစားနည်းတိုးတက်မြင့်မားစေရေးကိုရည်ရွယ်၍ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)အားလည်းကောင်း၊ ရန်ကုန်တိုင်း အားကစားနှင့်ကာယပညာကော်မတီအားလည်းကောင်း၊ အမှတ်(၃)အခြေခံပညာဦးစီးဌာနအားလည်းကောင်း ခရစ်ကက်အားကစားပစ္စည်းများ ပေးအပ်သည်။

(မြန်မာ့အလင်း)

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၅

၂၀၀၈ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ကျရောက်မည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၀၈ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ယမန်နေ့၌ ထုတ်ပြန်ကြေညာသည်။

ရေးသားယှဉ်ပြိုင်

ဆောင်းပါးပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်လိုသူများသည် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့ ခေါင်းစဉ်ဖြင့် စာလုံးရေ၃၀၀၀ထက်မနည်း၄၀၀၀ထက်မများ ရေးသားယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူကို ကွန်ပျူတာ၊ လက်နှိပ်စက်၊ လက်ရေး ကြိုက်နှစ်သက်ရာဖြင့် A_4အရွယ်အစား စာမျက်နှာတစ်ဖက်တည်းတွင် ရှင်းလင်းပြတ်သားစွာရေးသားဖော်ပြ၍ စာမူနှစ်စောင် (မူရင်းနှင့် မိတ္တူ)၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်၊ ကိုယ်ရေးအကျဉ်းနှင့် ရောင်စုံလိုင်စင်ဓာတ်ပုံ (တစ်လက်မခွဲ×နှစ်လက်မ) သုံးပုံတို့ကို စာအိတ်တွင်လုံခြုံစွာထည့်ပြီး ဒေါ်ခင်မျိုးမြင့်ကြူ ညွှန်ကြားရေးမှူး မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ၄၂၆ ပြည်လမ်းတက္ကသိုလ်စာတိုက် ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ဩဂုတ် ၂၂ရက် (သောကြာနေ့) နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အသေးစိတ် သိရှိလိုပါက ဖုန်း- ၅၀၃၉၇၅နှင့် ၅၃၇၇၉၈တို့သို့ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် ကမ္ဘောဇလမ်း သုခရိပ်ငြိမ်နေ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာဦးသန်းဝင်း-ဒေါ်အေးသီတာဝင်း၊ သမီး မခင်သီတာဝင်း မိသားစုက ဒေါ်အေးသီတာဝင်း၏ မွေးနေ့ အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် အလှူငွေကျပ်သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အလုပ်ရုံဆွေးနွေးပွဲတက်မည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြို့သုံးမြို့တွင် ကျင်းပမည့် တတိယအကြိမ်မြောက်တရုတ်-အာဆီယံ အထက်တန်းကျောင်းသားများ နွေရာသီ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် ဇူလိုင် ၂၄ရက်က အဖွဲ့ခေါင်းဆောင်အဖြစ် ပညာရေး ဝန်ကြီးဌာနမှ ဦးညိုလုံး (ကျောင်းအုပ်ကြီး) အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း တောင်ကြီးမြို့ ခေါင်းဆောင်သောအဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)

(၉)ကြိမ်မြောက် အားကစားဝန်ကြီးဖလား လူသစ်တန်းဘောလုံးပြိုင်ပွဲ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်း ယနေ့ဗိုလ်လုပွဲယှဉ်ပြိုင်ကြမည်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ-ဗိုးသော်ဇင်
စာမျက်နှာဖွဲ့စည်းမှု-ထိန်လင်း

ရန်ကုန် ဇူလိုင် ၂၅

၂၀၀၈ခုနှစ် (၉)ကြိမ်မြောက် အားကစားဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း အသက် ၁၉နှစ်အောက် လူသစ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ် အားကစားကွင်းတွင် ဇူလိုင် ၂၆ရက် **(ယနေ့)** ၌ ကျင်းပမည်ဖြစ်သည်။ ဗိုလ်လုပွဲတွင် အိမ်ရှင် ရှမ်း(တောင်)ကို အနိုင်ယူလာသည့် တနင်္သာရီတိုင်းအသင်းနှင့် ဧရာဝတီတိုင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရခဲ့သည့် ကရင်ပြည်နယ်တို့ တွေ့ဆုံကြမည် ဖြစ်သည်။

ခြေစွမ်းပြ

ဗိုလ်လုပွဲတွင် တွေ့ဆုံကြမည့် တနင်္သာရီတိုင်းနှင့် ကရင်ပြည်နယ်တို့သည် အုပ်စုပွဲစဉ်များတွင် အုပ်စုဒုတိယနေရာဖြင့်ကွာတားဖိုင်နယ်သို့တက်ရောက်နိုင်ခဲ့သော်လည်း တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းပြကစားနိုင်မှုကြောင့် ယခုအဆင့်သို့ ရောက်ရှိနိုင်ခဲ့ခြင်းဖြစ်သည်။ တနင်္သာရီတိုင်း အသင်းမှာ အုပ်စုအဆင့်တွင် မွန်ပြည်နယ်ကို သုံးဂိုး-တစ်ဂိုး၊ ကချင်ပြည်နယ်ကို သုံးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိပြီး ဧရာဝတီတိုင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သည်။ ကွာတားဖိုင်နယ်တွင် နာမည်ကြီး ရှမ်း(မြောက်)ကို နှစ်ဂိုး-တစ်ဂိုး၊ အကြိုဗိုလ်လုပွဲတွင် အိမ်ရှင်ရှမ်း(တောင်)ကို တစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ယူနိုင်ခဲ့သည့် တနင်္သာရီတိုင်း၏ ခြေစွမ်းမှာ ချန်ပီယံဆုကို ရယူနိုင်စွမ်းရှိသည့် ခြေစွမ်းမျိုးပင် ဖြစ်သည်။

ထို့အတူ ကရင်ပြည်နယ်မှာလည်း တောင်ကြီးမြေတွင် ရှုံးပွဲမရှိဘဲ ရလဒ်ကောင်းများ ရရှိနေသော အသင်းတစ်သင်းဖြစ်ရာ တောင်ကြီးမြေနှင့် ကံစပ်နေသော အသင်းတစ်သင်းဟု ဆိုနိုင်သည်။ အုပ်စုတွင် ချင်းပြည်နယ်ကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ရခိုင်ပြည်နယ်နှင့် ဂိုးမရှိသရေ၊ ရှမ်း(တောင်)နှင့် တစ်ဂိုးစီသရေကျပြီးကွာတားတွင် ကယားပြည်နယ်၊ အကြိုဗိုလ်လုပွဲတွင် ဧရာဝတီတိုင်းကို ပယ်နယ်တီ အဆုံးအဖြတ် ငါးဂိုး-လေးဂိုးတို့ဖြင့် အသီးသီး အနိုင်ရရှိလာခြင်း ဖြစ်သည်။

တောင်ကြီးမြို့၏ အထင်ကရတောင်ချွန်းကြီးကို နောက်ခံတည်ဆောက်ထားသည့် ပြည်နယ် အားကစားကွင်းတွင် တနင်္သာရီတိုင်းနှင့် ကရင်ပြည်နယ်တို့ မည်သည့်အသင်း အောင်ပွဲခံသွားမည်ဆိုသည်ကို စိတ်ဝင်စားဖွယ်ရာပင်ဖြစ်သည်။

ဗိုလ်စွဲမည်ဟု ယုံကြည်ကြောင်း ပြောကြားသွားသည့် ကရင်ပြည်နယ်အသင်းအုပ်ချုပ်သူ ဦးစတင်အောင်မြင့်။
(မြန်မာ့အလင်း)

ချန်ပီယံဆုကြီးကို တနင်္သာရီတိုင်းသို့ သယ်ဆောင်သွားမည်ဟု တနင်္သာရီတိုင်းအသင်း အုပ်ချုပ်သူ ဦးခင်ထွေး ပြောကြားစဉ်။
(မြန်မာ့အလင်း)

ရှမ်းတောင်တန်းပေါ်တွင် ချန်ပီယံဆုကြီးနှင့် မည်သည့်အသင်း ဂုဏ်ယူဝင့်ကြွားစွာ အောင်ပွဲခံသွားမည်ကို ဇူလိုင် ၂၆ရက် **(ယနေ့)**တွင် သဲသဲကွဲကွဲ အဖြေပေါ်ပေတော့မည်။

တနင်္သာရီတိုင်း

ဗိုလ်လုပွဲမတိုင်မီ နှစ်ဖက်ဘောလုံးအသင်းမှ တာဝန်ရှိသူများအား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့ရာ တနင်္သာရီတိုင်း အသင်းအုပ်ချုပ်သူ ဦးခင်ထွေး (မြန်မာ့လက်ရွေးစင်ဟောင်း)က **"အကြိုဗိုလ်လုပွဲမှာ အိမ်ရှင်အသင်းနှင့်ကစားခဲ့ရ၍ အနိုင်ရရှိအောင် ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရကြောင်း၊ ကစားသမားများအားလုံး နိုင်လိုစိတ်ပြင်းထန်ပြီး ကြိုးစားယှဉ်ပြိုင်ခဲ့၍လည်း ယခုကဲ့သို့ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့ အသင်းကို တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အား/ကာကော်မတီတို့က လိုလေသေးမရှိအောင် ပံ့ပိုးပေးထား၍ ကစားသမားများ စိတ်ဓာတ်တက်ကြွလျက်ရှိကြောင်း၊ ကွာတားအဆင့်နှင့် အကြိုဗိုလ်လုပွဲတို့တွင် ရှမ်း(မြောက်)နှင့် ရှမ်း(တောင်)တို့ကို အနိုင်ယူနိုင်ခဲ့၍ မိမိတို့အနေဖြင့် ချန်ပီယံဆုကို မျှော်မှန်းနိုင်ပြီဖြစ်ကြောင်း၊ ဗိုလ်လုပွဲတွင် တွေ့မည့် ကရင်ပြည်နယ်အသင်းမှာ အသင်းကောင်းတစ်သင်းဖြစ်ကြောင်း၊ ကရင်ပြည်နယ်အသင်းမှာ နောက်တန်းကောင်း၍ မိမိတို့အနေဖြင့် တိုက်စစ်ကို အသေအချာပြင်ဆင်ထားကြောင်း၊ ပြည်နယ်နှင့်တိုင်း ယူ-၁၉ ချန်ပီယံဆုကြီးကို တနင်္သာရီတိုင်းသို့ သယ်ဆောင်နိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း"** ပြောကြားသည်။

ကရင်ပြည်နယ်

ကရင်ပြည်နယ်အသင်း အုပ်ချုပ်သူ ဦးစတင်အောင်မြင့်က **"မိမိတို့အသင်းမှာ** လေ့ကျင့်ရက် ၁၅ရက်သာ ရရှိသော်လဲ ချန်ပီယံဆုနှင့် လက်တစ်ကမ်း အကွာသို့ ရောက်ရှိအောင် ကစားထားနိုင်၍ ကျေနပ်မိကြောင်း၊ အကြိုဗိုလ်လုပွဲတွင် ဧရာဝတီတိုင်းကို အနိုင်ရရှိရန် ၄-၄-၂ ကစားကွက်ဖြင့် ကစားခဲ့ပြီး ဂိုးမပေးရအောင် နောက်တန်းကို အထူးပြင်ဆင်ခဲ့ကြောင်း၊ ပယ်နယ်တီ ကန်သွင်းရာတွင်လည်း ကစားသမားများ စိတ်တည်ငြိမ်မှုရှိသည့်အတွက် အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိသေးဘဲ အကောင်းဆုံး ခံစစ်ပိုင်းကို ရရှိထားသည့် မိမိတို့ အသင်းအနေဖြင့် အလယ်တန်း ကစားသမားများ ပိုမိုခြေစွမ်းပြ ကစားနိုင်လျှင် အောင်မြင်မှုရရှိရန် အခွင့်အလမ်းပိုသွားနိုင်ကြောင်း၊ အသင်းကို ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့်သက်ဆိုင်ရာတို့က လိုလေသေးမရှိအောင်ပံ့ပိုးထားကြောင်း၊ ကစားသမားများ စိတ်ဓာတ်တက်ကြွနေပြီး ပံ့ပိုး အားပေးမှုလဲကောင်း၍ ဗိုလ်စွဲမည်ဟု ယုံကြည်ကြောင်း"** ဖြင့် ပြောကြားခဲ့သည်။

ပြည်နယ်နှင့်တိုင်း အသက် ၁၉နှစ်အောက် လူသစ်တန်း ချန်ပီယံဆုကြီးသည် ဖားစည်သံ ကွန့်မြူးရာ ဖွဲကပင်တောင်ခြေဆီသို့လား၊ မြန်မာနိုင်ငံ တောင်ဖျားပိုင်းက ကမ်းရိုးတန်း ဒေသဆီသို့ သယ်ဆောင်သွားနိုင်မည်လား ဆိုသည်ကိုမူ…။ ။

(မြန်မာ့အလင်း)

ဒုတိယအကြိုဗိုလ်လုပွဲတွင် ကရင်ပြည်နယ်၏တိုက်စစ်ကို ဧရာဝတီတိုင်းဂိုးသမားနှင့်နောက်ခံလူများ ဤသို့ စုပြုံပိတ်ဆို့ကာကွယ်ခဲ့ကြသည်။
(မြန်မာ့အလင်း)



(၉) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက် ၁၉နှစ်အောက် လူသစ်တန်းဘောလုံးပြိုင်ပွဲကို တစ်ခဲနက် လာရောက်ကြည့်ရှု အားပေးကြသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဒေသခံဘောလုံးပရိသတ်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)



ဝါးခယ်မ အကျွတ်အလွတ်အောင်ချမ်းသာစေတီတော် ထီးတော်တင်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူ

ဝါးခယ်မ ဇူလိုင် ၁၁

ဧရာဝတီတိုင်း မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် မြို့ချောင်းလေးကျေးရွာ၌ တည်ထားကိုးကွယ်သော ဉာဏ်တော် ၃၂ပေအမြင့်ရှိ လောကထိန်လင်း အကျွတ်အလွတ်အောင်ချမ်းသာစေတီတော်(ဝဲပုံ)ထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲကို ဇူလိုင် ၆ရက် နံနက် ၉နာရီကကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒောဘာသ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာဂန္ထ ဝါစကပဏ္ဍိတဘဒ္ဒန္တဓမ္မသာမိ၊အောင်မြင်တောရဆရာတော် ဦးပညာစာရ သာသနဇောမ္မာစရိယနှင့် ပင့်သံဃာတော်များ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရေစက်သွန်းချ

အစီအစဉ်အရ ဆရာတော်ကြီးများ၊ အလှူရှင်များနှင့် တပည့်ဒါယကာ ဒါယိကာမများက ရွှေထီးတော်ကြီးကို တင်လှူပူဇော်သည်။ ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်က ကိုးပါးသီလနှင့် ပရိတ်တရားတော်များကို ချီးမြှင့်ရာ အလှူရှင်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

လှူဒါန်းငွေ

အဆိုပါ စေတီတော်ကြီးကို ဘဒ္ဒန္တသောပါက(မြို့နယ်သံဃနာယက အကျိုးတော်ဆောင်)အား ရည်စူး၍ မတည်အလှူရှင် ဦးစံတင်-ဒေါ်ကျင်လှိုင်၊ သားကိုမြင့်ဦး၊ ကိုသက်-မမိုးသီတာ(ကိုသက်ဆေးဆိုင်)၊ သမီးကြည်ဖြူသျှင်နှင့် ဒေသခံပြည်သူများထည့်ဝင်လှူဒါန်းငွေကျပ် သိန်း ၁၄၀ကျော်ဖြင့် တည်ထားကိုးကွယ်ခဲ့သည်။ (၃၃၉)

ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရွှေပြည်သာဈေးနှင့်မြို့မဈေးတို့တွင် ဇူလိုင် ၁၅ရက်က ဈေးသန့်ရှင်းမှုရှိရေး၊ ဈေးရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးစိုင်းထွန်းထွန်းက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ရာ ဒုတိယဦးစီးမှူး(ဈေး) ဦးမောင်မောင်နိုင်က ဈေးရောင်းဝယ်မှုနှင့် ဈေးသန့်ရှင်းရေးဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

ကြို့ပင်ကောက်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ကြို့ပင်ကောက် ဇူလိုင် ၁၀

ကြို့ပင်ကောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ကြို့ပင်ကောက်မြို့နယ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ရက် နံနက် ၇နာရီက ကြို့ပင်ကောက်မြို့နယ် ကျောင်းကုန်းနှင့် သပြေရုံရွာကြားလမ်းဘေးဝဲယာတစ်လျှောက်၌ ကျင်းပသည်။

စိုက်ပျိုး

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစိုးမြင့်သိန်းနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့၊ ကျေးရွာဥက္ကဋ္ဌနှင့် ရွာသူရွာသားများတက်ရောက်၍ ပိတောက်ပင် ၃၀၀၊ ခရေပင် ၃၀၀၊ အော်ရေးရှားပင် ၅၀၀၊ မဲဇလီပင် ၄၀၀နှင့် ကျွန်းပင် ၁၅၀၀တို့ စိုက်ပျိုးကြသည်။(ယာပုံ) (မြို့နယ် ပြန်/ဆက်)

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း အပ်စိုက်သင်တန်းတက်ရောက်နိုင်

ရန်ကုန် ဇူလိုင် ၂၅

ရန်ကင်း ပြည်သာယာ(တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း၌ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း မွန်းတည့် ၁၂နာရီမှစ၍ မေ့ဆေးပါမောက္ခ အပ်စိုက်အထူးကု သမားတော်ဆရာဝန်ကြီး ဒေါက်တာအောင်မြတ်သွင် ဦးဆောင်၍ အပ်စိုက်ကုထုံးဖြင့် ဝေဒနာရှင်၁၀၀ကျော်တို့အား အထွေထွေရောဂါစုံကုသခြင်း အစီအစဉ်ကို ဆရာဝန်လက်မှတ်ရပြီး ဆရာဝန်များအားလက်တွေ့ကုသသင်ကြားပေးလျက်ရှိရာ စိတ်ဝင်စားသော ဆရာဝန်များအားလုံး ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃၊ ၀၉-၅၁-၀၂၁၉၇တို့သို့ ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်းနှင့်ကုသခံမည့်ဝေဒနာရှင်များ မွန်းလွဲ၁နာရီထက် နောက်မကျစေဘဲ စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

ကျောက်မဲမြို့နယ် ကြက်ခြေနီအသင်းကြီးမှူး လူထုအတွင်းရှေးဦးပြုစုခြင်း ဆင့်ပွားသင်တန်းဖွင့်

ကျောက်မဲ ဇူလိုင် ၁၅

ကျောက်မဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ပံ့ပိုးကူညီမှုဖြင့် မြို့နယ်ကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသော လူထုအတွင်း ရှေးဦးပြုစုခြင်းဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇူလိုင် ၄ ရက်မှ ၇ရက်အထိ ကျောက်မဲမြို့နယ် မိုင်းလုံကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

တက်ရောက်

သင်တန်းတွင် အခြေခံရှေးဦးပြုစုနည်းများနှင့် ကြက်ခြေနီအကြောင်း သိကောင်းစရာများကို နည်းပြခုနစ်ဦးက ဟောပြောပို့ချရာ ကြက်ခြေနီ လူငယ်မောင်မယ် ၄၉ ဦး တက်ရောက်ကြသည်။

သင်တန်းတက်ရောက်ကြသော ကြက်ခြေနီမောင်မယ်များအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပံ့ပိုးကူညီသော ဆေးအိတ်များ၊ လူထုပညာပေး ရှေးဦးပြုစုနည်းစာအုပ်စာစောင်များပေးဝေပြီး ထူးချွန်သင်တန်းသားများအား ကြက်ခြေနီဝတ်စုံနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ပို့ချခဲ့

အလားတူသင်တန်းများကို ကျောက်မဲမြို့နယ်အတွင်းရှိ ပုံပိုးကျေးရွာ၊ မိုင်းတင်းကျေးရွာနှင့် မြို့နယ်ဆေးရုံ၌ အရန်သားဖွားသင်တန်းတို့ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)

တမူးမြို့မဈေး၌ ယင်လုံဆန်ခါဖြင့် ရောင်းချ

တမူး ဇူလိုင် ၁၀

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်၊ ဈေးခေါင်း ဦးဆန်းမောင်ကြည်နှင့်အဖွဲ့တို့သည် ဇူလိုင် ၅ ရက်က တမူးမြို့မဈေးအတွင်း ယင်လုံဆန်ခါများဖြင့် ရောင်းချနေမှုကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

နိုင်ငံတစ်ဝန်း စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်များ

မွန်ပြည်နယ် သထုံမြို့နယ် အောင်းစိုင်ကျေးရွာ ဘဝအလင်းရောင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၃ရက်က ကျင်းပရာ သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းကြည်စိန်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးရွှေနာရီတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။(ခရိုင် ပြန်/ဆက်)

ဆီဆိုင်မြို့ အောင်ပညာစာကြည့်တိုက်သို့ ရေဒီယိုကက်ဆက်နှင့် စာအုပ်များလှူဒါန်း

ဆီဆိုင် ဇူလိုင် ၁၂

ဆီဆိုင်မြို့နယ် ပါလောပါကယ်ကျေးရွာအုပ်စု ဆိုက်ခေါင်စံပြကျေးရွာ အောင်ပညာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ ရေဒီယိုကက်ဆက်နှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၁၄ရက်က ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးခိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ရေဒီယိုကက်ဆက်တစ်လုံး၊ မြို့နယ်ဦးစီးမှူး ဦးနေမျိုးသူရိန်က စာအုပ်စာစောင်အုပ် ၂၁၀ကို ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးခွန်မောင်ဝေါင်းနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးခွန်ဘရီတို့က လက်ခံယူကြသည်။ (မြို့နယ် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇွန် ၈ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သာစည်မြို့နယ်ရုံးခန်းမ၌ ကျင်းပရာ တောင်ကြီးမြို့နေ ဦးခင်မောင်ကြည်(ဂျုံးသိန်းကြက်သွန်နီရောင်းဝယ်ရေးလုပ်ငန်း)က သာစည်မြို့နယ် ကူဖြူကျေးရွာတွင် ခိုင်မာသောစာကြည့်တိုက် ဆောက်လုပ်နိုင်ရန် အလှူငွေကျပ်ငါးသိန်းကို အလှူရှင်များကိုယ်စားဦးတင်လှိုင်က ပေးအပ်ရာ မြို့နယ်ဦးစီးမှူးဦးဝင်းတင့်က လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျေးလက်လမ်းခင်းရန်ကျောက်စုဆောင်း

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းစိန်နှင့်အဖွဲ့ ညောင်လေးပင်မြို့ ဝါးရုံကုန်းကျေးလက်ဂဝံလမ်းခင်းရန် ကျောက်များစုဆောင်းထားရှိမှုကို ဇွန် ၁၀ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာဦးမင်းကိုကိုတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဆောင်-ရှောင်-သုခ-ဓမ္မရသစာအုပ်များ ပြန်/ဆက် စာကြည့်တိုက်များသို့ ပေးပို့လှူဒါန်း

ဂန့်ဂေါ ဇူလိုင် ၁၈

ကျောက်ဂူတောရဆရာတော် ဦးကုန္ဒာစရိယ၏ ဆောင်-ရှောင်-သုခ-ဓမ္မရသစာအုပ်ကို ပြည်သူများ ဖတ်ရှုနိုင်ရန်အတွက် စာအုပ်ငါးအုပ်ကို ကျောက်ဂူ တောရမိသားစုဝင် နောင်တရားမြို့ ယောဂီဉာဏစာရ ဦးခွန်ဆန်းဦးက ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အေးထံ ပေးပို့လှူဒါန်းသောကြောင့် ဂန့်ဂေါခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် တစ်အုပ်ထားရှိပြီး ပခုက္ကူခရိုင်၊ ကလေးခရိုင်၊ ဆောမြို့၊ ကျောက်ထုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများအတွက် ဆက်လက်ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဖလမ်းမြို့ ဇမ္ဗူထွန့်ခေါင် ဗုဒ္ဓရုပ်ပွားတော် အနေကဇာတင်

ဖလမ်း ဇူလိုင် ၂၂

ချင်းပြည်နယ် ဖလမ်းမြို့ ဇမ္ဗူထွန့်ခေါင် ဗုဒ္ဓရုပ်ပွားတော် အနေကဇာတင် ရေစက်ချပွဲ၊ ရန်ပြေမာန်ပြေ အောင်တော်မူစေတီ ရွှေသင်္ကန်းကပ်ပွဲနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၇၀ပြည့်နှစ် ဝါဆိုလဆန်း ၁၄ရက် နံနက် ၉ နာရီက ဖလမ်းမြို့ တောင်ပေါ်ကျောင်း ဇမ္ဗူထွန့်ခေါင် ဗုဒ္ဓရုပ်ပွားတော် ရင်ပြင်ပေါ်၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားသို့ ပင့်သံဃာ ၁၅ပါး၊ သာမဏေ ၂၂ပါး၊ သီလရှင်ရှစ်ပါးတို့ ကြွရောက်၍ လုံးပီးထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဉာဏိကထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ဘုရားဒါယကာ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးစောဝင်းနိုင်အား အမှူးထား၍ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၁) ဝန်ထမ်း မိသားစုများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်ရဲတပ်ဖွဲ့ဝင်မိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက်က ရဲတပ်ဖွဲ့ဝင်းအတွင်းရှိ ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့မှ ဆရာတော်ကြီးများနှင့် ကျောင်းတိုက် ၁၅ ကျောင်းမှ ဆရာတော်၊ သံဃာတော် ၁၅ပါးတို့အား နေ့ဆွမ်းဆက်ကပ်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှစိန်နှင့်ဇနီးဒေါ်နုနုအေးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဂန့်ဂေါမြို့နယ် လုံဟောရွာ ရွာဦးကျောင်း၌ ဆောက်လုပ်မည့် အမှာရာမ ကျောင်းဆောင်အတွက် ဇူလိုင်၂ရက်က ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ် ၄ ရပ်ကွက် အောင်မင်္ဂလာလမ်း ၅(ဆ)နေ အတွား ဒေါ်ဒေါ်သန်းနှင့် ဖခင် ဦးလှမြတို့အား ရည်စူး၍ ဒေါ်ဒေစီသွင်၊ သားဦးခိုင်စိုး၊ မြေးမဝင့်ဖြူနွေး မိသားစုက မတည်အလှူငွေကျပ်ငါးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဆရာတော် ဦးခေမာစာရ (ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ်)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

လှိုင်မြို့နယ် ၅ရပ်ကွက် ကြံခင်းကျောင်း ပရိယတ္တိစာသင်တိုက်၌ အသစ် တည်ဆောက်လျက်ရှိသော သုံးထပ်ကျောင်းဆောင်တော်ကြီးအတွက် လှိုင်မြို့နယ် ၅ ရပ်ကွက် အေးရိပ်မွန် စလမ်းတိုက် ၁ အခန်း၁၀၂နေ ဒေါ်ရင်မေ၏ နှစ်(၈၀)ပြည့် မွေးနေ့အလှူအဖြစ် အလှူငွေကျပ်နှစ်သိန်းနှင့် ဝါဆိုသင်္ကန်းတို့ကို ကြံခင်းကျောင်း ဆရာတော် အရှင်ပဏ္ဍိစ္စ(နေပြည်တော်တပ်ကုန်း)၏ ရှေ့မှောက်၌ ကျောင်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးဘဝင်းထံ လှူဒါန်းစဉ်။ (က-ပ)

မြို့နယ် သတင်းများ

တောင်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ထူးချွန်သူများဂုဏ်ပြုပွဲနှင့် ထောက်ပံ့ငွေများ ပေးအပ်

တောင်ကြီး ဇူလိုင် ၂၀

တောင်ကြီးမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေး ကော်မတီ၏ ၂၀၀၈ခုနှစ် အသက် (၇၀)နှစ်အထက် သက်ကြီးစစ်မှုထမ်းဟောင်းများနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည့် အဖွဲ့ဝင်များ၏ သားသမီးများ၊ သင်တန်းအသီးသီးတွင် ထူးချွန်ဆုရရှိခဲ့သည့် အဖွဲ့ဝင်များနှင့် လူမှုရေးတာဝန်များစွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူများ ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၁၀ရက် မွန်းတည့် ၁၂နာရီက အေးသာယာမြို့ရှိ စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည်။

ချီးမြှင့်

ရှေးဦးစွာ မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးခင်မောင်ဝင်း(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး သက်ကြီးစစ်မှုထမ်းဟောင်း ၃၁ဦး၊ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူငါးဦး၊ သင်တန်းထူးချွန်ဆုရရှိသူလေးဦးနှင့် နိုင်ငံတော်မှ ချီးမြှင့်သည့် လူမှုထူးချွန်တံဆိပ်ရရှိသူ နှစ်ဦးတို့အား ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ (က-ပ)

ဆေးလိပ်မသောက်ရေးနေ့ မုံရွာ၌ကျင်းပ

မုံရွာ ဇူလိုင် ၂၀

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို ဇူလိုင် ၉ရက် နံနက် ၉နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဇနီး၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြဦး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဖတ်ကြားတင်ပြ

ရှေးဦးစွာ အခမ်းအနားတွင် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၏ သဝဏ်လွှာကို တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ရှိန်က ဖတ်ကြားတင်ပြသည်။

ဆက်လက်ပြီး ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေအကြောင်းကို ဒုတိယတိုင်း ဥပဒေအရာရှိ ဦးငွေအောင်က ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

စစ်ကိုင်းတိုင်း ကလေးမြို့ မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံ အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၈ရက်က ကလေးမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ခင်မြဦးက မိခင်ရင်သွေးကျန်းမာရေး ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

အလုံမြို့နယ် နွယ်သာကီလမ်း အမှတ်၃၆နေ ဒေါက်တာမောင်မောင်သန်းက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ကိုယ်စား လက်ထောက် အုပ်ချုပ်ရေးမှူး ဦးသီဟဇော်က လက်ခံယူစဉ်။ (က-ပ)

ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ဇူလိုင် ၁၂ရက်က ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ထားသော မင်္ဂလာသောက်ရေကန် ခြံစည်းရိုးကာရံထားမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးပြည်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ မြို့နယ်စည်ပင်)

စဥ့်ကူးမြို့နယ် ပြည်သူ့ဆေးရုံ ချို့တဲ့လူနာများအတွက် ဆန်အိတ်များ ပေးအပ်လှူဒါန်း

စဥ့်ကူး ဇူလိုင် ၁၈

ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နယ် ပြည်သူ့ဆေးရုံသို့ အတွင်းလူနာအဖြစ် တက်ရောက်၍ ဆေးကုသမှုခံယူလျက် ရှိကြသော ချို့တဲ့လူနာများအတွက် အလှူရှင်များက ဆန်အိတ် ၂၀ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၁ရက် နံနက်က အဆိုပါမြို့နယ် ပြည်သူ့ဆေးရုံ၌ကျင်းပရာ အလှူရှင် စဥ့်ကူးမြို့ အမှတ်(၁) ရပ်ကွက်နေ ဦးဗိုလ်ချုပ်-ဒေါ်ချောစုလှိုင်မိသားစုက ငွေကျပ် ၁၈၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၁၀အိတ်နှင့် ဦးသိန်းဝင်းဦး-ဒေါ်စက်ငွေ မိသားစုက ငွေကျပ် ၁၈၀၀၀၀တန်ဖိုးရှိ ဆန်အိတ် ၁၀အိတ်တို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လှနှင့် မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာစန်းစန်းညွန့်တို့က လက်ခံယူကြပြီး အလှူရှင်များအား ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော သဲကျဲကြီးတံတား တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးမှုကို ဇူလိုင်၁၅ရက်က အမှုဆောင်အရာရှိ၊ ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့တို့ ကြည့်ရှုကြစဉ်။ (မြို့နယ်စည်ပင်)

ချို့တဲ့ကလေးများ ပညာသင်ကြားရေးထောက်ပံ့ငွေနှင့်စာအုပ်များ တံတားဦး၌ပေးအပ်

တံတားဦး ဇူလိုင် ၁၈

တံတားဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့က ဦးဆောင်ကျင်းပသည့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ချို့တဲ့ကလေးများ ပညာသင်ကြားရေးအတွက် ထောက်ပံ့စရိတ်ပေးအပ်ပွဲကို ဇွန် ၄ရက်က မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထူးမောင်က အမှာစကားပြောကြားပြီး ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ချို့တဲ့ကလေးများ ပညာသင်ကြားရေးအတွက် ပညာသင်စရိတ် ထောက်ပံ့ငွေကျပ် ၄၀၇၀၀၀ကို မြို့နယ်ဥက္ကဋ္ဌကလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ညီလာကျော်က ဗလာစာအုပ် ၂၃၁ဒါဇင်ကို မြို့နယ်ပညာရေးမှူး ဦးမောင်စန်းထံသို့လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ကလောမြို့ မြို့နယ်တရားရုံးတော်၌
၂၀၀၇ခုနှစ် တရားမဇာရီမှုအမှတ် -၇/၀၇

မန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်
ကလောမြို့။ နှင့် ၁။ ဦးအောင်ငွေ
၂။ ဒေါ်ခင်အုန်းမြင့်

ဒီကရီရသူ **တရားရှုံးများ**

တောင်ကြီးခရိုင် တရားရုံး ၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-(၁၆/၀၆)တွင်ရရှိသော ဒီကရီအရ တရားရှုံးဦးအောင်ငွေနှင့်ဒေါ်ခင်အုန်းမြင့်တို့ ပိုင်ဆိုင်သော အောက်အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် ဩဂုတ် ၁၁ရက် (၁၃၇၀ပြည့်နှစ် ဝါခေါင်လဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ကလောမြို့နယ် အောင်ပန်းမြို့ မင်္ဂလာရပ်ကွက် အကွက်အမှတ်နှင့် အမည် (၂၅/မင်္ဂလာကွက်သစ်ရပ်)၊ ဦးပိုင်အမှတ် ၁၃၂၊ ဧရိယာ ၀.၁၁၁၈ ၀၇၃ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၂၇×၂၇) ပေ၊ အမြင့် ၁၉ပေရှိ သွပ်မိုး၊ အုတ်ကာ၊ အပေါ်ထပ်ပျဉ်ခင်း၊ အောက်ထပ်အင်္ဂတေခင်း နှစ်ထပ်အဆောက်အအုံတစ်လုံး။

လေလံကြမ်းခင်းဈေး ကျပ် ၁၈၅သိန်း။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါအချက်များသည် တရားနိုင်၊တရားရှုံးတို့က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည် မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချရမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။
၂၀၀၈ခုနှစ် ဇူလိုင် ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးဆွေဦး
မြို့နယ်တရားသူကြီး၊မြို့နယ်တရားရုံး၊ ကလောမြို့။



ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ စက္ကူထုပ်ပိုး ပစ္စည်းစက်ရုံတွင် အသုံးပြုရန်အတွက် CMP စက္ကူတန် ၅၈၀ ကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။
၂။ တင်ဒါပိတ်ရက်မှာ ၈-၈-၂၀၀၈ ရက်ဖြစ်ပြီး တင်ဒါပေးသွင်းရမည့်အချက်အလက်များအား အသေးစိတ်သိလိုပါက ရောင်းဝယ်ရေးဌာန ဖုန်းနံပါတ် ၀၆၇-၄၀၈၃၄၀ နှင့် ၀၁-၅၁၉၆၆၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၁၈၂၃ Nissan Diesel D/T (6x4) ယာဉ် လက်ဝယ်ရှိသူ ဦးကျော်လွင် မှတ်ပုံတင်အမှတ် ၉/မရမ(နိုင်)၀၁၈၆၈၈၈က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းရုံးခွဲ(ရွာသာကြီး)ရုံး၊ ရန်ကုန်မြို့။



ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ဖျာပုံခရိုင်တရားရုံး
၂၀၀၇ခုနှစ် တရားမဇာရီမှုအမှတ်-၅၀

ဦးစိန်ဝင်း
အမှတ်-၁၇၊ ဘုရားလမ်း
(၁)ရပ်ကွက်၊ ဘိုကလေးမြို့။ နှင့် ၁။ ဦးတင်မောင်လတ်
၂။ ဒေါ်တင်တင်မော်
ရွှေနဒီဇေ့ရိပ်သာ၊
(၅)ရပ်ကွက်၊ ဘိုကလေးမြို့။

တရားနိုင် **တရားရှုံးများ**

၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ်-၁၅တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် ဩဂုတ် ၁၃ရက်(မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် ဝါခေါင်လဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ဘိုကလေးမြို့ (၅)ရပ်ကွက် အကွက်အမှတ်-၃/ဈေးပိုင်း ဦးပိုင်အမှတ် ၃၇၈ ဧရိယာ ၀.၁၁၁၈ ၀၃၂၈ဧက မြေကွက်ပေါ်ရှိ(၄၀၁×၃၅၁)ပေ လေးထပ်တိုက်အဆောက်အအုံမှ ရွှေနဒီဇေ့ရိပ်သာ အမည်ရှိ စတုတ္ထထပ်အဆောက်အအုံနှင့် ဇေ့ရိပ်သာသုံးပစ္စည်းများ၏ အကျိုးခံစားခွင့်အားလုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၄၀၀။

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဇူလိုင် ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဇော်ဝင်းဆွေ(တ/၁၇၈၆)
ခရိုင်တရားသူကြီး၊
ခရိုင်တရားရုံး၊ ဖျာပုံမြို့။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် ဇူလိုင် ၂၅

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူ စေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ် လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂ လမ်း၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာ တွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

အများသိစေရန်ကြေညာချက်

ဦးလှမြင့် ၈/ခမန(နိုင်)၀၅၁၈၆၃၏ ညွှန်ကြားချက်အရ ဦးအောင်မြင့်တရားရုံးချုပ်ရှေ့နေက ၁၆-၇-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဇနီးအဖြစ်မှစွန့်လွှတ်ခြင်းနှင့် အသိပေးကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာချက်

ကျွန်ုပ်၏အမှုသည် ဒေါ်နေခြည်လွင်၁၂/မဂဒ(နိုင်)၁၁၀၇၆၆သည် သင်နှင့်တရားဝင်လက်ထပ်ပြီး သား သမီးနှစ်ဦး ထွန်းကားသည့် ယခုထိတိုင် မိသားစုအပေါ် အတတ်နိုင်ဆုံး ပြုစုယုယ စောင့်ရှောက်ခဲ့ပါသည်။ အိမ်ထောင်ရေးအရ၊ လူမှုရေးအရ၊ ဥပဒေကြောင်းအရ ခွင့်မလွှတ်နိုင်သည့် အပြုအမူတစ်စုံတစ်ရာမျှ မပြုခဲ့ပါ။ သင်သည် ဇနီးသားမယားအား တစ်စုံတစ်ရာပြောဆိုခြင်းမရှိဘဲ ၁၀-၇-၂၀၀၈ရက်တွင် မိမိသဘောအလျောက် နေအိမ်မှ ဆင်းသွားပြီး တစ်ဖက်သတ် ကြေညာခဲ့ခြင်း ဖြစ်ပါသည်။

အများသိစေရန် ကြေညာထားသည့် အမှတ်(၅၀)ဝေပုလ္လ၂လမ်း၊ (ဃ)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ် နေအိမ်တွင် သားသမီးများနှင့်အတူ တရားဝင် နေထိုင်လျက်ရှိပါသည်။ သင်သည် ဒေါ်နေခြည်လွင်နှင့် တရားဝင်လက်ထပ်ထားပြီးနောက်ပိုင်း သင် တရားဝင်ပိုင်ဆိုင်သည်ဟု ယူဆထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်း သင်ယူဆောင်သွားသည့် ပစ္စည်းများအားလုံးသည် လင်မယားနှစ်ဦးပိုင်ပစ္စည်းများသာ ဖြစ်ပါသည်။ အကယ်၍ ခွဲဝေရယူလိုပါက တရားဥပဒေကြောင်းအရ တရားဝင်တောင်းဆိုရယူရန်သာဖြစ်ကြောင်း သိစေအပ်ပါသည်။

ဒေါ်နေခြည်လွင်၏ညွှန်ကြားချက်အရ-
ဦးအောင်ဆန်း(B.A.,R.L)တရားရုံးချုပ်ရှေ့နေ(စဉ်-၅၀၈၆)
အမှတ် ၄၁၄၊ ဘုမ္မာ၉လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။

လက်နှိပ်တုံကင်

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ကျောင်းစုကျေးရွာတွင် နှစ်လက်မ လက်နှိပ်တုံကင်တွင်းတူးဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဇူလိုင် ၆ ရက်က အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဇော်စန်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် လွတ်လပ်ရေး ပန်းခြံအတွင်း၊ အပြင် ပေါင်းမြက်များနှင့်ပန်းခြံသာယာလှပရေး လုပ်ငန်းများကို အဖွဲ့ဝန်ထမ်းများ ဇွန် ၁၄ရက်က စုပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန် ကြား ရေး မှူး ဦးသက်ပိုင် ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

● မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
● မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

⁕ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
⁕ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

လေဘေးသင့်ဒေသများ၌ ကူးစက်ရောဂါ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၅

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လေဘေးသင့်ဒေသများ၌ ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး) ဒေါက်တာကျော်ညွှန့်စိန်ဦးဆောင်၍ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ စီမံချက်မန်နေဂျာ ဒေါက်တာသန်းထိန်ဝင်း၊ အနာကြီးရောဂါတိုက်ဖျက်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်ဝင်းတို့နှင့်အတူ ဇူလိုင် ၂၂ရက်မှ ၂၄ ရက်အထိ ဧရာဝတီတိုင်း လပွတ္တာမြို့နယ်သို့ သွားရောက်ကာ

ပြည်သူ့ကျန်းမာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲဝင်းနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ပြည်တွင်း၊ ပြည်ပစေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး လုပ်ငန်းများကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၄ ■

ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေး

လပွတ္တာမြို့နယ် (၃)မိုင် ကယ်ဆယ်ရေးစခန်းတွင် အခြေခံ ကျန်းမာရေး ဝန်ထမ်းများက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

(ကျန်းမာရေး)

မြန်မာ့အလင်း သတင်းနှင့်ဆောင်းပါးအညွှန်း

ဒီဇိုင်းပုံစံအသစ် အာကာသယာဉ်ထုတ်လုပ်

ယခု တီထွင်ထားသည့် ဒီဇိုင်းပုံစံသစ် အာကာသယာဉ်သည် ဂြိုဟ်များ၏ မျက်နှာပြင်များပေါ်တွင် ဆင်းသက်ရာ၌ လွန်စွာ ညင်သာသည့်အပြင် လုံခြုံမှုလည်း အပြည့်အဝရှိသည်။

အာကာသသိပ္ပံ စာ-၅

လူသစ်တန်းဘောလုံးပြိုင်ပွဲ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်း ယနေ့ဗိုလ်လုပွဲယှဉ်ပြိုင်ကြမည်



ဖိုးသော်ဇင်၏ အားကစားသတင်းဆောင်းပါး စာ-၁၃

26-7 (20).pmd 1 7/27/2008, 1:39 AM